www.burmeseclassic.com

BURMESE CLASSIC .com

မကြာခဏ အသုံးအများဆုံး

# အင်္ဂလိပ်စကားလုံး

# ၅၀၀၀

နှင့် အသုံးချနည်းများ

ဒေါက်တာ ဝင်းမောင်ထက်

# The 5000 of The Most Frequently Used English Words And Their Usages

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [၄၀၀၄၉၈ ၀၅ ၁၀]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [၄၀၀၆၁၇ ၀၆ ၁၀]

■

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ [၂၀၁၀၊ ဩဂုတ်လ]၊ အုပ်ရေ (၁၀၀၀)

■

**ထုတ်ဝေသူ**
ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၃၈၀၁]
၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

■

**ပုံနှိပ်သူ**
ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် [၀၉၁၇၂]
၁၈၁၊ လမ်း ၅၀၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

■

**အတွင်းဖလင်**
အေဇက်

■

**စာအုပ်ချုပ်**
ဖူးပွင့်မွေး

■

**မျက်နှာဖုံးဒီဇိုင်း**
လင်းဝဏ္ဏ

■

**တန်ဖိုး**
**၂၀၀၀ ကျပ်**

၄၂၁
ဝင်းမောင်ထက်၊ ဒေါက်တာ
မကြာခဏ အသုံးအများဆုံး အင်္ဂလိပ်စကားလုံး ၅၀၀ နှင့်
အသုံးချနည်းများ/ဒေါက်တာ ဝင်းမောင်ထက်။– ရန်ကုန်။
ရာပြည့်စာပေ၊ ၂၀၁၀။
၂၅၅ – စာ၊ ၁၃.၅ x ၂၁ စင်တီ။
(၁) မကြာခဏ အသုံးအများဆုံး အင်္ဂလိပ်စကားလုံး ၅၀၀ နှင့်
အသုံးချနည်းများ။

## မာတိကာ

| | | |
|---|---|---|
| ၁။ | စာရေးသူ၏ အမှာစာ | ၆ |
| ၂။ | သဒ္ဒါဆိုတာဘာလဲ | ၉ |
| ၃။ | စကားအစိပ်အပိုင်းများ | ၁၂ |
| ၄။ | Noun (နာမ်) | ၁၃ |
| ၅။ | Noun and Number (နာမ်နှင့် ကိန်း/ဂဏန်း) | ၁၄ |
| ၆။ | နာမ်စားအမျိုးအစား (၂) မျိုး | ၁၇ |
| ၇။ | နာမ်ကိုဝါကျများအတွင်း ထည့်သွင်းသုံးစွဲပုံ | ၁၉ |
| ၈။ | Pronoun (နာမ်စား) | ၂၀ |
| ၉။ | Adjective (နာမဝိသေသန) | ၂၅ |
| ၁၀။ | Verb (ကြိယာ) | ၃၇ |
| ၁၁။ | Adverb (ကြိယာဝိသေသန) | ၄၃ |
| ၁၂။ | Preposition (ဝိဘတ်) | ၅၃ |
| ၁၃။ | Conjunction (သမ္ဗန္ဓ) | ၅၈ |
| ၁၄။ | Interjection (အာမေဍိတ်) | ၆၃ |
| ၁၅။ | နိဂုံးချုပ်အမှာစကား | ၆၅ |
| ၁၆။ | မကြာခဏ အသုံးပြုအများဆုံး အင်္ဂလိပ်စကားလုံး (၅၀၀၀) | ၆၇ |

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ အမှာစာ

အင်္ဂလိပ်ဘာသာကို အမှန်တကယ် တတ်ကျွမ်းကျေပြွန်အောင်လေ့လာသင်ယူ အားထုတ်ကြရာမှာ အဆိုစကားတစ်ခု ရှိပါတယ်။ အဲဒါကတော့ (Vocabulary first, Grammar Second.) ဆိုတာပါပဲ။ (ဝေါဟာရက ပထမ သဒ္ဒါက ဒုတိယ) တဲ့။

ဒီထက်ပိုကောင်းတဲ့ နောက်ဆိုရိုးစကားတစ်ခု ရှိပါတယ်။ (Learing Vocabulang 85%.,Composing Methods 15%) တဲ့၊ ဆိုလိုတာကတော့ အင်္ဂလိပ်ဘာသာကို တတ်ကျွမ်းချင်ရင် ဝေါဟာရလေ့လာမှုကို ၈၅% လောက် လုပ်ရမှာဖြစ်ပြီး ထိုဝေါဟာရတွေကို ပြန်လည်ပေါင်းစပ်သီကုံးဖို့ နည်းစနစ်တွေကိုတော့ ၁၅% လောက်လုပ်ရင်ရပြီလို့ ဆိုလိုတာပါပဲ။

စာရေးသူရဲ့ငယ်ဘဝမှ ယခုလက်ရှိအချိန်အထိ အင်္ဂလိပ်ဘာသာ လေ့လာသင်ယူမှတ်သားလာခဲ့ရာမှာ အထက်ကဆိုရိုးဟာ အလွန်မှန်ကန်ကြောင်း ကိုယ်တွေ့ သိရှိခဲ့ရပါတယ်။ အလွန်လျော်ကန်သင့်မြတ်တဲ့ စကားပဲလို့လဲ အကြွင်းမဲ့လက်ခံခဲ့ပါတယ်။ ဤအဆိုအမိန့်အတိုင်း လိုက်နာကျင့်သုံးဖို့ ယခုခေတ် လူငယ်လူကြီးအားလုံးကို အကြံပြုတိုက်တွန်းချင်ပါတယ်။

အင်္ဂလိပ်ဘာသာရပ်မှာ ဝေါဟာရစကားလုံးပေါင်း အလွန် ကြွယ်ဝလှပါတယ်။ ဘယ်လောက်တောင်ကြွယ်သလဲဆိုရင် (၁)သန်း ကျော်တောင်ရှိတယ်လို့ သုတေသနပညာရှင်တွေက ဆိုပါတယ်။ ဒီတစ်သန်းကျော်ဟာ အကြုံးဝင်တဲ့စကားလုံးတိုင်း စုဆောင်းတင်ပြတဲ့ သုတေသနသာ ဖြစ်ပါတယ်။ အင်္ဂလိပ်စာတတ်ဖို့က အဲဒီလောက်ကြီးကို မလိုပါဘူး။

သို့သော် လူသုံးများတဲ့စကားလုံးတွေကိုတော့ ရွေးပြီးပိုင်ပိုင်သိဖို့ လိုပါတယ်။ လူသုံးများတဲ့စကားလုံးကတော့ ဘယ်လောက်ရှိသလဲ လို့ သိဖို့လိုလာ



ပြန်တယ်၊ ဒီကိစ္စကို ကမ္ဘာ့သုတေသီပညာရှင်တွေက ပုံစံအမျိုးမျိုးနဲ့ လေ့လာပြီး ရွေးချယ်မှု ပြုခဲ့ကြပါတယ်။

နောက်ဆုံး ၁၉၆၉ ခုနှစ်ဝန်းကျင်လောက်မှာ အမေရိကန်မှ အင်္ဂလိပ်စာပညာရှင်တို့ နောက်ဆုံးအဖြေတစ်ခု ရရှိခဲ့ပါတယ်။ အဲဒါက လူတို့မကြာခဏ အသုံးပြုအများဆုံး အင်္ဂလိပ်စကားလုံး (၅၀၀၀) ပါပဲ။ ဒီစကားလုံး ငါးထောင်နဲ့ (Any English Literature) ခေါ် ဘယ်အင်္ဂလိပ် အနုစာပေကိုမဆို ရေးနိုင်၊ ဖတ်နိုင်မယ့် သုတေသနတွေ့ရှိချက်ပဲ ဖြစ်ပါတယ်။ ဒီစကားလုံးငါးထောင်ကို ရွေးကောက်တည်ဆောက်တဲ့ အဖွဲ့အစည်းကတော့ (The United States Information Agency) ပါပဲ။

အင်္ဂလိပ်စာသင်ကြားရေး အဓိက ရည်မှန်းချက်များအတွက် ဒီစကားလုံးငါးထောင်ကို (Level) ခေါ်အဆင့်အနေဖြင့် (၅) ဆင့် ပိုင်းခြားပြီး ပထမအဆင့်တွင် စကားလုံး (၁၀၀၀) အသုံးချကာ ကမ္ဘာကျော်စာအုပ်မျိုးစုံ၊ အကြောင်းအရာမျိုးစုံကို ရေးသားဖော်ပြပြီး ကမ္ဘာကို ဖြန့်ချိလိုက်ပါတယ်။

ထို့နည်းတူစွာ ဒုတိယအဆင့် (၂၀၀၀)၊ တတိယအဆင့် (၃၀၀၀)၊ စတုတ္ထအဆင့် (၄၀၀၀)နှင့် နောက်ဆုံးပဉ္စမအဆင့် (၅၀၀၀) တို့ကို ပိုင်းခြားပြီး စာမျိုးစုံ၊ ခေါင်းစဉ်မျိုးစုံတို့ကို (Ladder Edition) ခေါ် လှေခါးထစ်ပုံစံ ထုတ်ဝေမှုဖြင့် ကမ္ဘာသို့ ဖြန့်ဝေရောင်းချခဲ့ရာမှာ အလွန်လူကြိုက်များပြီး ရောင်းအားအကောင်းဆုံး ထုတ်ဝေမှုပုံစံ ဖြစ်ခဲ့ပါတယ်။ ယနေ့အချိန်အထိ မြန်မာနိုင်ငံမှာလည်း ဒီအဆင့် (၅) ဆင့်နဲ့ ရေးတဲ့စာအုပ်ခေါင်းစဉ်မျိုးစုံကို ဝယ်ယူရရှိနိုင်ပါသေးတယ်။

အထက်ပါဖော်ပြတဲ့ အဆင့် (၅) ဆင့်အတွက်၊ စုစုပေါင်း စကားလုံး (၅၀၀၀) ကို စနစ်တကျ သုတေသနပြုပြီးရွေးချယ်ကာ စာမျိုးစုံကို ရေးသားနိုင်တဲ့အတွက် ဒီစကားလုံးတွေကို အထူးဝိသေသနပြုပြီး (မကြာခဏ အသုံးပြုအများဆုံး အင်္ဂလိပ်စကားလုံး ၅၀၀၀) လို့ တင်စားဖော်ပြလိုက်ရခြင်း ဖြစ်ပါတယ်။

ဒီစကားလုံးငါးထောင်ရဲ့ အသုံးဝင်မှု အရှိန်အဟုန်ဟာ တစ်နေ့တစ်ခြား မြင့်သထက် မြင့်မားလာတာကြောင့် John Robert Shaw က (The New Horizon Ladder Dictionary of the English Language) ဆိုပြီး (၁၉၆၉) ခုနှစ်က စတင်ပုံနှိပ်ပြီး ကမ္ဘာတစ်လွှားသို့ ဖြန့်ဝေရောင်းချခဲ့တယ်။ တစ်ချိန်က ဒီစာအုပ်ဟာ မြန်မာနိုင်ငံသို့လည်း ရောက်ရှိလာပေမယ့် ယခုအခါ အလွန့်အလွန် ရှားပါးသွားပြီး ဖြစ်တာကတစ်ကြောင်း၊ အမှန်တကယ် အင်္ဂလိပ်စာတတ်ရေးမှာ အရေးပါလွန်းတဲ့ စကားလုံး (၅၀၀၀)ဖြစ်နေတာကြောင့်လည်း တစ်ကြောင်းကြောင့် စာရေးသူကြိုးစားအားထုတ်ပြီး ဤစာအုပ်ကို အသွင်သစ်ဖြင့် ပြန်လည်ရေးသားဖော်ပြလိုက်ရခြင်း ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူပြန်လည်ရေးသားပြုစုရာမှာ ဤစာအုပ်ကို အဘိဓာန်ပုံစံမသုံးဘဲ စကားလုံးများကို အက္ခရာစဉ်အတိုင်းသာ စီစဉ်ပြီး မြန်မာပြန်ပေးထားပါတယ်။ စာရေးသူ ရည်ရွယ်တာက ဒီစကားလုံးငါးထောင်ကို (Headword) ခေါ် (ခေါင်းစကားလုံး) သို့မဟုတ် အဓိကတည်ပုဒ်အဖြစ်သာထားပြီး ကျန်ဆင့်ပွား စကားလုံးများ (Derivatives) ကို မိမိတို့ဘာသာ အခြားပြည့်စုံကောင်းမွန်တဲ့ အဘိဓာန်တစ်အုပ်အုပ်ကို အသုံးချပြီး စကားလုံးများကို ဆက်လက်ပွားယူရမှာ ဖြစ်ပါတယ်။

ဒီစာအုပ်ရဲ့ရှေ့ပိုင်းမှာ စာရေးသူအား ဖြည့်ပေးထားတဲ့ အခန်းတစ်ခန်းရှိပါတယ်။ အဲဒါက (Brief Explanation of English Grammar) လို့ခေါ်တဲ့ (အင်္ဂလိပ်သဒ္ဒါ အကျဉ်းချုပ်ရှင်းလင်းချက်) ဖြစ်ပါတယ်။ ဒီအခန်းဟာ အလွန်အရေးကြီးပါတယ်။ စကားလုံးဝေါဟာရတွေ ဘယ်လောက်များများသိသိ၊ ထိုစကားလုံးတွေကို ပြန်ပေါင်းပြီး ဝါကျဖြစ်အောင် စီတဲ့အခါမှာ သတ်မှတ် စည်းကမ်းတွေနဲ့ ညီညွတ်အောင် ပေါင်းစပ်နိုင်ဖို့ အလွန်လိုအပ်ပါတယ်။

ဒါကြောင့် စကားလုံးတစ်လုံးကို အဓိပ္ပာယ်သိရုံနဲ့ စာဖြစ်အောင် မလုပ်နိုင်ပါဘူး။ စကားလုံးလည်းသိ၊ စာလည်းဖြစ်အောင် ပြုနိုင်ဖို့ဆိုရင် စကားလုံးတွေကို ပေါင်းပြီး စာကြောင်းဖြစ်အောင် စကားလုံးတို့ရဲ့မျိုးရိုးအမည်နဲ့ ဆိုင်ရာစည်းကမ်းတွေကိုသိဖို့ အထူးလိုအပ်ပါတယ်။

ဥပမာ စကားလုံးတစ်လုံးကို (နာမ်အမျိုးအစား) လို့ တွဲဖက်ပြီး ပိုင်ပိုင်သိလိုက်ရင် ထိုစကားလုံးကို ဝါကျစီရာမှာ–

(၁) ဝါကျရဲ့ကတ္တားအဖြစ်၎င်း၊

(၂) ဝါကျရဲ့ကံအဖြစ်၎င်း၊

(၃) ဝါကျတွင်းရှိ ဝိဘတ်ရဲ့ကံအဖြစ်၎င်း မိမိနှစ်သက်သလို အသုံးချခွင့် ရှိတယ်။ ဒီလိုသိမှလဲ ဒီစကားလုံး (၅၀၀၀) ရဲ့ အသုံးကို ပိုင်ပိုင်သုံးနိုင်မှာ ဖြစ်တယ်။

ဒါကြောင့် သဒ္ဒါအကျဉ်းချုပ်ဖြစ်တဲ့ စကားလုံးအမျိုးအစားတွေ သုံးနည်းကို ဖော်ပြပေးလိုက်ရခြင်း ဖြစ်တယ်။ နိုးကြားကြိုးစားပြီး တိုးပွားအောင် ဆက်လက်လုပ်ဖို့က စာရှုသူ ရဲ့တာဝန်သာ ဖြစ်တယ်။ (မနေမနား၊ ပျံသည့်ပျား ဝတ်ရည်ပွားမည်မှတ်) လို့ ဆိုသလို အင်္ဂလိပ်စာတတ်ချင်ရင် အင်္ဂလိပ်စာကို နေ့စဉ်မပြတ် တွေ့ထိ လေ့လာကျင့်ကြံအားထုတ်ကြပါ။ မုချတတ်ကျွမ်းလာပါလိမ့်မယ်။

စာရေးသူ

# သဒ္ဒါဆိုတာဘာလဲ
# What is Grammar?

ကမ္ဘာ့အင်္ဂလိပ်စာတတ်ပညာရှင် သုတေသီတို့ရဲ့ အဆိုအရ အင်္ဂလိပ်ဘာသာမှာ စကားလုံးပေါင်း (၁) သန်းကျော် ပါဝင်ပတ်သတ်တယ်လို့ အဆိုရှိပါတယ်။ အဲဒီစကားလုံးတွေအားလုံးကို အင်္ဂလိပ်ဘာသာမှာ သုံးစွဲမှု ပြုကြတယ်လို့တော့ မဆိုကြပါဘူး။ သို့သော် သူ့အကြောင်းအရာနှင့် သူ့စကားလုံးတွေကိုတော့ ရွေးသုံးကြမှာ ဖြစ်ပါတယ်။

သို့သော် ဘာသာစကားတစ်ရပ်ကို လူ့လောကမှာ သုံးစွဲကြတာဟာ ပြောသူနဲ့ နားထောင်သူ၊ ရေးသူနဲ့ ဖတ်သူတို့ အဓိကနားလည်ဖို့သာ ဖြစ်တယ်။ နားလည်အောင်ပဲ သုံးစွဲကြရမှာ ဖြစ်တယ်။ လူတွေ လွယ်ကူစွာနားမလည်နိုင်တဲ့ ဟီးလေးတိုက်စကားလုံးတွေ၊ အတွေးအမျှင်ကြီးကြီး စကားလုံးတွေ သုံးမယ်ဆိုရင်၊ လိုရင်းအချက်ဖြစ်တဲ့ နားလည်မှုကို သွေဖီအောင်ပြုရာကျပြီး လူ ရယ်စရာလဲဖြစ်သွားနိုင်ပါတယ်။

"သူ့အိုးနဲ့ သူ့ဆန် တန်ရုံသာ ဖြစ်သင့်တယ်" ဆိုတဲ့ မြန်မာစကားပုံဟာ အလွန်သဘာဝကျပြီး မှန်ကန်လွန်းပါတယ်။ ဒီစကားပုံရဲ့ ဆိုလိုချက်အတိုင်းပဲ အင်္ဂလိပ်စာတတ်လိုသူဟာ အများသူငါ လူတကာသုံးစွဲနေကျ စကားလုံးများ လောက်တော့ မုချဧကန် အမှန်ရထိုက် သိထိုက်တယ်။ အဲဒီလောက်မှ မသိရင် တတ်ဖို့ မတန်ဖူးလို့ပဲ ပြောလာမယ်။

ဘယ်လောက်ရထိုက်၊ သိထိုက်သလဲ ဆိုရင် အင်္ဂလိပ်စကားလုံး စုစုပေါင်း (၁) သန်းကျော်ထဲက အနည်းဆုံး (၅၀၀၀)နဲ့ အများဆုံး (၃၀၀၀၀) လောက် ဆိုရင် ဒီဘဝအင်္ဂလိပ်စာတတ်ဖို့ အင်္ဂလိပ်စကားလုံးလိုအပ်ချက် ပြည့်စုံပြီလို့ဆိုနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အဲဒီစကားလုံးတွေက ဘယ်ဟာတွေလဲလို့ ဦးစွာသိဖို့ လိုအပ်ပါတယ်။ အဲ့ဒီအတွက် ပူစရာမလိုပါ၊ ခေတ်တွေစနစ်တွေ ပြောင်းလဲပြီး အလွန်တိုးတက်နေတဲ့ ပညာရေးခေတ်မှာ ဒီလောက်သိရဖို့ကတော့ အလွန်လွယ်ပါတယ်။ ဆိုင်ရာကဏ္ဍရောက်ရင် ဒီကိစ္စကို သီးခြား ဆွေးနွေးဖော်ပြပေးပါ့မယ်။

ယခုစာရေးသူ ဖော်ပြလိုတာက စကားခွန်းကိုဖြစ်စေ၊ ဝါကျကိုဖြစ်စေ၊ ပေါ်ပေါက်ဖြစ်တည်လာအောင် အဓိကပြုပေးတာက (စကားလုံးများ) ဖြစ်တယ်။ အဲ့ဒီစကားလုံးတို့ရဲ့ သဘောသဘာဝနဲ့ အသုံးချပုံတွေကို ရှင်းလင်းဖော်ပြပေးမှာဖြစ်တယ်။

အင်္ဂလိပ်စာပေမှာ ဝါကျတစ်ကြောင်း (သို့မဟုတ်) စကားတစ်ခွန်း ဖြစ်ပေါ်လာဖို့ စကားလုံးတွေကို စုစည်း ပေါင်းစပ်ပေးရပါတယ်။ အဲ့ဒီလို စုစည်းပေါင်းစပ်ရာမှာ ပေါင်းစပ်ချင်သလို ပေါင်းစပ်လို့ မရပါ။ သတ်မှတ်ထားတဲ့ စည်းကမ်းနည်းလမ်းတွေကို ကျင့်သုံးပြီး ပေါင်းစပ်ရပါတယ်။ ဒီလိုစည်းကမ်းတကျ ပေါင်းစပ်ပြီးရလာတဲ့ ဝါကျ (သို့မဟုတ်) စကားခွန်းကမှ မှန်ကန်တယ်လို့ အားလုံးက အသိအမှတ်ပြုပါတယ်။

ဒီလို မှန်ကန်တဲ့ဝါကျတွေ (သို့မဟုတ်) စကားခွန်းတွေ ဖြစ်လာဖို့ ဦးစွာ ပထမ Grammar ခေါ် (သဒ္ဒါ)ကို စတင် လေ့လာကြရပါတယ်။ ဒီနေရာမှာ (သဒ္ဒါ)ဆိုတာ ဘယ်လိုဟာလဲလို့ သိဖို့လိုအပ်တဲ့အတွက် ဆက်လက်ရှင်းပြပေးပါမယ်။

မြန်မာစာပေ၊ မြန်မာသဒ္ဒါသဘောအရ (အဓိပ္ပါယ်ရှိသော အသံကို အစွဲပြု၍ ရေးသားထားသောကြောင့် သဒ္ဒါဟု ခေါ်သည်။ လူတို့နှုတ်မှ ထွက်သော အသံတို့ကို ဆိုလိုသည့်အဓိပ္ပာယ်ရောက်အောင် စနစ်တကျ ပြောဆိုရေးသားရသည်။ ထိုသို့ ပြောဆိုရေးသားရာ၌ အသုံးပြုရမည့် စည်းစနစ်တို့ကို ဖော်ပြသော စာစုသည် သဒ္ဒါပင်ဖြစ်သည်။)

အထက်ပါ သဘောတရားကတော့ (သဒ္ဒါ)နှင့် ပတ်သက်လို့ မြန်မာရှုထောင့်က မြင်တဲ့ အဓိပ္ပာယ်သတ်မှတ်ချက်ပဲ ဖြစ်ပါတယ်။ လုံးဝမှန်ကန်တဲ့ ပညာရှင်ဆန်သည့် သတ်မှတ်ချက်ပဲ ဖြစ်တယ်။ ဒီသဘောတရားရဲ့ လိုရင်းအချုပ်က ဝါကျ (သို့မဟုတ်) စကားခွန်းဖြစ်လာဖို့ (စကားလုံးတို့ကို ပေါင်းစပ်ရမယ့် နည်းစနစ်) လို့ ဆိုလိုတာပဲ။

အင်္ဂလိပ်စာတတ် ပညာရှင်များဘက်က ဖော်ပြရမယ်ဆိုရင် ရိုးစင်းရှင်းလင်းတဲ့ အဓိပ္ပာယ်ကို သတ်မှတ်ဖော်ပြကြသည့် ပုဂ္ဂိုလ်နှစ်ယောက်၏ အဆိုကို



အဓိကထား ဖော်ပြချင်ပါတယ်။ တစ်ချိန်က မြန်မာနိုင်ငံမှာ အလွန်ထင်ရှား ကျော်ကြားခဲ့တဲ့ Brighter Grammar စာအုပ် (၄) အုပ်တွဲကို ပူးပေါင်းရေးသားကြတဲ့ C.E. Eckersley နဲ့ Margaret Macaulay တို့ရဲ့ သဒ္ဒါအယူအဆကတော့ (Grammar is the art of putting the right words in the right places = သဒ္ဒါဆိုတာ မှန်ကန်တဲ့ စကားလုံးတွေကို မှန်ကန်တဲ့နေရာတွေမှာ ထားသုံးတဲ့ အတတ်ပညာ ဖြစ်တယ်) လို့ ဆိုပါတယ်။

အထက်ပါ ပညာရှင်နှစ်ယောက်ရဲ့ သဒ္ဒါအပေါ် အဓိပ္ပာယ်ဖွင့်ဆိုချက်ဟာ အလွန်လက်တွေ့ကျကြောင်း တွေ့ရပါတယ်။ သူတို့ရဲ့ ဆိုလိုရင်း အချက်က (၂) ချက်ပဲ ဖြစ်လာတယ်။ (the right words = မှန်ကန်တဲ့ စကားလုံးတွေ)နဲ့ (the right places = မှန်ကန်တဲ့နေရာတွေ) တို့ ဖြစ်တယ်။

စာရှုသူဟာ ဒီအချက် (၂) ချက်ကို တိကျပြတ်သားစွာ သိရှိနားလည်မယ်ဆိုရင် အင်္ဂလိပ်စာတတ်ပြီလို့ ဆိုနိုင်ပါတယ်။ ဒီအချက်ကို စာရေးသူ ဆက်လက်ရှင်းပြပါမယ်။

(the right words= မှန်ကန်တဲ့စကားလုံးတွေ) လို့ ဆိုလိုရာမှာ အင်္ဂလိပ်ဘာသာမှာ စကားလုံးတွေက (၁) သန်းကျော်တောင် ရှိတာဆိုတော့ မှန်ကန်တဲ့ စကားလုံးတွေကို ဘယ်လို ခွဲခြားရှာဖွေယူမလဲဆိုတဲ့ ပြဿနာက အဓိက အချက် ဖြစ်ပါတယ်။ ဒါပေမယ့် မခက်ခဲလှပါဘူး။ ရှေးက အင်္ဂလိပ်စာတတ် ပညာရှင်ကြီး အများအပြားက အခြေခံနည်းစနစ်တွေကို ချမှတ်ပေးပြီး ဖြစ်ပါတယ်။ အဲ့ဒီနည်းလမ်းတွေနဲ့ မှန်ကန်တဲ့စကားလုံးတွေကို ရှာဖွေယူနိုင်ပါတယ်။

အင်္ဂလိပ်စကားလုံး တစ်လုံးလုံးတွေ့တိုင်း သတိထား ပိုင်းခြားမှတ်သားရမယ့် အချက် (၃) ချက် ရှိပါတယ်။ အဲ့ဒါတွေကတော့–

(၁) စကားလုံးတစ်လုံးစီရဲ့ သဘောသဘာဝ (Word Nature)

(၂) စကားလုံးတစ်လုံးစီရဲ့ အမည်နာမ (Word Class)

(၃) စကားလုံးတစ်လုံးစီရဲ့ ဝါကျအတွင်းအလုပ်လုပ်ပုံ (Word Usage)

ဆိုတဲ့ အချက်သုံးမျိုးပဲ ဖြစ်တယ်။

အထက်ပါ အချက်သုံးချက်ဖြင့် စကားလုံးတစ်လုံးစီကို ပိုင်ပိုင်သိရှိသွားပြီဆိုရင် (the right words)လို့ဆိုတဲ့ (မှန်ကန်တဲ့ စကားလုံးတွေ ရရှိပြီဖြစ်တယ်။) ဒီအချက်က တစ်ပိုင်းပြေလည်ခြင်းသာ ဖြစ်တယ်။

ယခု တစ်ဖန် (the right places = မှန်ကန်တဲ့နေရာတွေ) ဆိုတဲ့ အကြောင်းကို ဆက်ပြီး ဖော်ပြပါ့မယ်။ မှန်ကန်တဲ့ စကားလုံးတွေ ရပြီးရင်

www.burmeseclassic.com

www.burmeseclassic.com

ထိုစကားလုံးတွေကို ဝါကျတွေဖြစ်လာဖို့ (သို့မဟုတ်) စကားစုတွေ ဖြစ်လာဖို့ သူ့နေရာနဲ့သူ ပေါင်းစပ်ထားသိုရပါတယ်။ အဲ့ဒီလို ပေါင်းစပ်ထားသိုဖို့ (သဒ္ဒါ) ဆိုတဲ့ စာစီပေါင်းစပ်တဲ့နည်းတွေကို ဦးစွာသိထားဖို့လိုပါတယ်။ အဲဒီနည်းတွေကို တော့ (ဝါကျ) တည်ဆောက်နည်းလို့ ခေါ်ပါတယ်။

အထက်ဖော်ပြပါ အဓိကအချက်ကြီး (၂) ချက်ကို ယခုအနှစ်ထုတ်ပြီး အကျဉ်းချုပ်ကာ အောက်ပါအတိုင်း ဖော်ပြလိုက်ပါတယ်။

## စကားအစိတ်အပိုင်းများ
## Parts of speech

အင်္ဂလိပ်ဘာသာမှာရှိတဲ့ အင်္ဂလိပ်စကားလုံး (၁) သန်းကျော်ကို အမျိုးတူရာ၊ သဘောတရားတူရာ၊ အသုံးချပုံတူရာတို့ကို အစုပြုပြီး အုပ်စုဖွဲ့ခွဲခြားကြည့်ရင် အမျိုးမတူ ထူးခြားတဲ့ အုပ်စုပေါင်း (၈) စု ရလာပါတယ်။ ဒီအုပ်စုရှစ်စုကို အင်္ဂလိပ်စာပေနယ်ပယ်မှာတော့ Parts of Speech (စကားအစိတ်အပိုင်းများ) လို့ ခေါ်ဆိုလေ့ရှိပါတယ်။ ယင်းတို့ကို အောက်ပါအတိုင်း အမည်သတ်မှတ် ခေါ်ဆိုကြပါတယ်။

1. Noun (နာမ်)
2. Adjective (နာမဝိသေသန)
3. Pronoun (နာမ်စား)
4. Verb (ကြိယာ)
5. Adverb (ကြိယာဝိသေသန)
6. Preposition (ဝိဘတ်)
7. Conjunction (သမ္ဗန္ဓ)
8. Interjection (အာမေဋိတ်)

အထက်ဖော်ပြပါ စကားအစိတ်အပိုင်းရှစ်မျိုးကို အချို့ပညာရှင်များက လည်း (word-class = စကားလုံးအတန်းအစား) လို့ ခေါ်တာလည်းရှိပါတယ်။ ဘယ်လိုပဲခေါ်ခေါ် အခေါ်ဝေါ်ဆိုတာ တစ်ခုနှင့်တစ်ခု မရောအောင် သတ်မှတ်ထားတာမျိုးပဲ ဖြစ်တယ်။

စကားလုံးတစ်လုံးလုံးကို တွေ့တိုင်း အထက်ပါ စကားလုံးအမျိုးအစား အုပ်စုကြီး (၈) မျိုးအနက် ဘယ်အမျိုးအုပ်စုဖြစ်တယ်ဆိုတာ တိတိပပ ပိုင်းခြားသိရှိအောင် လုပ်ထားရပါတယ်။ ဒါမှ (မှန်ကန်တဲ့စကားလုံး) ဆိုတဲ့ အင်္ဂါရပ်တစ်ရပ်ကို ရရှိမှာ ဖြစ်တယ်။ ဒီစကားလုံး အမျိုးအစားအုပ်စုကြီး (၈) မျိုးကို



လေ့လာရာမှာ အောက်ပါအချက်ကြီး သုံးချက်ကို အမြဲဂရုပြုလေ့လာဖို့ လိုအပ်ပါတယ်။

(1) Definition of Part of Speech
(စကားအစိတ်အပိုင်းတစ်ခု၏ ဆိုလိုရင်း အဓိပ္ပာယ်)

(2) Kinds of Part of Speech
(စကားအစိတ်အပိုင်းတစ်ခု၏ အမျိုးအစားများ)

(3) Usage of Part of Speech
(စကားအစိတ်အပိုင်းတစ်ခု၏ ဝါကျအတွင်း အသုံးအနှုန်း)

### ၁။ Noun (နာမ်)

(a) A Noun is a word used as the name of a person, place, or thing. (နာမ်ဆိုတာ လူ၊ နေရာ၊ အရာဝတ္ထု၊ အရာကိစ္စတို့ရဲ့ အမည်အဖြစ် အသုံးပြုထားတဲ့ စကားလုံးမျိုးဖြစ်တယ်။)

(ဥပမာ) - **Akbar** was a great **King**.
- **Calcutta** is on the **Hooghly**.
- The **nose** smells sweet.
- The **sun** shines bright.
- His **courage** won him honour.

(b) A Noun is a word which is used as the name of anything. (နာမ်ဆိုတာ တစ်စုံတစ်ရာရဲ့ အမည်အဖြစ် အသုံးပြုထားတဲ့ စကားလုံးမျိုး ဖြစ်တယ်။)

(ဥပမာ) - The **cow** gives **milk**.
- **Mice** fear **cats**.
- **Ants** are always busy.
- The **ink** is in the **inkpot**.
- My **books** are in my **desk**.
- The **sun** is in the **sky**.
- **Bread** is made of **flour**.
- The **earth** goes round the **sun**.
- The **dog** ran after the **thief**.

www.burmeseclassic.com

www.burmeseclassic.com

- **Birds** build **nests** in **trees**.
- The **wolf** killed the **goat**.
- I see a **birds** on that **tree**.
- I have a green **parrot**.
- Is there any **water** in that **pot**.
- **Foxes** live in **holes** in the **ground**.
- **Hari** wrote a **letter** to his **father**.

(c) A Noun is the name of anything. (နာမ်ဆိုတာ တစ်စုံတစ်ရာရဲ့ အမည် ဖြစ်တယ်။)

(ဥပမာ) – man, woman, Ali, Caesor, horse, dog, house, motor-car, tree, blackboard, etc.

(d) သက်ရှိ၊ သက်မဲ့၊ ဒြပ်ရှိ၊ ဒြပ်မဲ့တို့၏ အမည်ဟူသမျှကို နာမ်ဟု ခေါ်သည်။

(ဥပမာ) – **မောင်လှ**သည် **ကျောင်း**သို့ **ကား**ဖြင့်သွားသည်။
– **ခွေး**သည် **ကြောင်**ကို ကိုက်သည်။
– မိဘ၏ **မေတ္တာ**သည် ကြီးမားသည်။

အထက်ပါ ဥပမာဝါကျသုံးခုတွင် ပါဝင်သော (မောင်လှ၊ ကျောင်း၊ ကား၊ ခွေး၊ ကြောင်၊ မေတ္တာ) တို့သည် အမည်များ ဖြစ်ကြသည်။ ထို့ကြောင့် ယင်းတို့သည် (နာမ်များ) ဖြစ်ကြသည်။

(e) နာမ်ဆိုသည်မှာ လူ၊ တိရစ္ဆာန်၊ အရာဝတ္ထု၊ အရာကိစ္စတို့ကို မှည့်ခေါ်ထားသည့် အမည်ဟူသမျှကို ခေါ်သည်။ ၎င်းအပြင် မြန်မာလို (အ) အစပြုစကား၊ (ခြင်း/မှု) အဆုံးသတ်စကားတို့သည်လည်း နာမ်ပင်ဖြစ်သည်။

(ဥပမာ) မောင်လှ၊ ကျောင်းသား၊ လူ၊ ခွေး၊ ကြောင်၊ စားပွဲ၊ ကုလားထိုင်၊ စာအုပ်၊ ကျောင်း၊ ကား၊ မေတ္တာ၊ သတ္တိ၊ ကျန်းမာခြင်း၊ အချစ်၊ အမုန်း စသည်။

**နာမ်နှင့် ကိန်း (ဂဏန်း)**

Noun and Number အရေအတွက်ကို (ကိန်း) လို့ခေါ်တယ်။ ကိန်းဆိုတာ Number ပါပဲ။ ဒီကိန်းက Singular Number (ဧကဝုစ်ကိန်း)နဲ့ Plural Number (ဗဟုဝုစ်ကိန်း) လို့ နှစ်မျိုးရှိတယ်။ Singular Number ဆိုတာ အရေအတွက်တစ်ခုကို ဖော်ပြတယ်။ Plural Number ဆိုတာကတော့ တစ်ခုထက်ပိုတဲ့ အရေအတွက်ကို ဖော်ပြတယ်။



နာမ်နဲ့ ကိန်းဟာ ဆက်စပ်မှု အမြဲ ရှိတယ်။ တစ်ခုသဘောရှိသော နာမ်က Singlar Noun လို့ခေါ်ပြီး တစ်ခုထက်ပိုသော နာမ်သဘောကို Plural Noun လို့ခေါ်တယ်။ ဝါကျအတွင်း ထည့်သွင်း အသုံးချရာမှာ ကိန်းနည်းရင် နာမ်နည်းရပြီး ကိန်းများရင် နာမ်များရတယ်။

ဆိုလိုတာကတော့ တစ်ခုသဘောရှိတဲ့ နာမ်ကိုသုံးရင် ကြိယာကို တစ်မျိုးသုံးရပြီး တစ်ခုထက်ပိုသော နာမ်ကိုသုံးရင် နာမ်စကားလုံးကိုလည်း ပြုပြင်ပေးရမှာ ဖြစ်သလို ကြိယာကိုလည်း ပြုပြင်ပေးရမှာ ဖြစ်တယ်။

နာမ်တွေကို အနည်းပုံစံမှ အများပုံစံ ပြုပြင်ပြောင်းလဲ သုံးစွဲရာမှာ အများအားဖြင့် အနည်းနာမ်၏ အဆုံးမှာ (s) ပေါင်းစပ်ပေးလေ့ ရှိတယ်။

(ဥပမာ) – boy ----- boys
- girl ----- girls
- pen ----- pens
- desk ----- desks
- book ----- books
- cow ----- cows

သို့သော် အချို့နာမ်တွေကို အများပုံစံပြောင်းရာမှာ သီးခြားသတ်မှတ်ချက်တွေ ရှိတယ်။ အဓိကအားဖြင့် (၅) ချက်လောက်တော့ သိရှိမှတ်သားထားဖို့ လိုအပ်တယ်။

(၁) တစ်ခုသဘောရှိနာမ်ရဲ့ စာလုံးပေါင်းအဆုံးသတ်အသံဟာ မြန်မာလို (ရှ/ချ) သံထွက်ရင် အများနာမ်ပုံစံအဖြစ် ပြောင်းလိုပါက တစ်ခုသဘောရှိနာမ်အဆုံးမှာ (es) ပေါင်းစပ်ပေးရတယ်။

(ဥပမာ) - brush ____ brushes
- box ____ boxes
- church ____ churches
- inch ____ inches
- fox ____ foxes

(၂) တစ်ချို့တစ်ခုသဘောရှိ နာမ်တို့ရဲ့စာလုံးပေါင်းဟာ (o) နဲ့ဆုံးပြီး၊ (o) ရှေ့မှာ (ဗျည်း) စကားလုံးတစ်လုံးလုံး ရှိနေရင် အများနာမ်အတွက် (es) ဆက်ပေးရတယ်။

(ဥပမာ) – potato ____ potatoes

www.burmeseclassic.com

www.burmeseclassic.com



- hero ____ heroes
- cargo ____ cargoes
- mosquito ____ mosquitoes

(၃) အချို့သော တစ်ခုသဘောရှိနာမ်တို့ရဲ့ စာလုံးပေါင်းတွေဟာ (f/fe) နဲ့ ဆုံးနေတတ်တယ်။ အဲဒီစကားလုံးမျိုးကို အများနာမ်ပြောင်းချင်ရင် ထို (f/fe) ကို ဖြုတ်ပြီး (ves) ပေါင်းပေးရတယ်။

(ဥပမာ) - leaf ____ leaves
- half ____ halves
- wolf ____ wolves
- wife ____ wives
- knife ____ knives
- thief ____ thieves

(၄) အချို့ တစ်ခုသဘောရှိ နာမ်တွေကတော့ (y) နဲ့ အဆုံးသတ်ပြီး ထို (y) ရဲ့ ရှေ့မှ (ဗျည်း) တစ်လုံးလုံးရှိနေရင် အဲဒီ (y) ကို ဖြုတ်ပြီး အများနာမ်အတွက် (ies) ဆက်ပေးရတယ်။

(ဥပမာ) - baby ____ babies
- lady ____ ladies
- fly ____ flies
- army ____ armies
- city ____ cities
- body ____ bodies

(၅) အချို့တစ်ခုသဘောရှိ (နာမ်) တွေကို (အများနာမ်) အဖြစ် ပြောင်းချင်ရင် အတွင်း (သရ) တွေ ပြောင်းပေးရတယ်။ တချို့ကြတော့ အနည်းနာမ်နဲ့ အများနာမ်ပုံစံ အတူသုံးရတာလည်း ရှိတယ်။

(ဥပမာ) - man ____ men
- woman ____ women
- child ____ children
- foot ____ feet
- ox ____ oxen
- tooth ____ teeth



- goose ____ geese
- mouse ____ mice
- sheep ____ sheep
- deer ____ deer

နာမ်နှင့်ပတ်သက်သော အခန်းကဏ္ဍဟာ အလွန်ကျယ်ပြန့်လွန်းလှတယ်။ သို့သော် အင်္ဂလိပ်စကားလုံးတစ်လုံးကို တွေ့ရင် (နာမ်)ဖြစ်ကြောင်း သိဖို့သာ အဓိက ရှင်းရမှာ ဖြစ်တယ်။ ကျန်သော နာမ်နှင့် ပတ်သက်သည့် အခန်းတွေကို သဒ္ဒါစာအုပ်များမှာ ဆက်လက်လေ့လာစေလိုပါတယ်။

**နာမ်စားအမျိုးအစား (၂) မျိုး**

**Two kinds of Noun**

နာမ်ဟာ အဓိကအားဖြင့်တော့ (၂)မျိုး ရှိပါတယ်။ Proper Noun ခေါ် (ကိုယ်ပိုင်နာမ်)နဲ့ Common Noun ခေါ် (ဝေါဟာရနာမ်) တို့ ဖြစ်တယ်။

တစ်ဖန် Common Noun ကို Countable Noun ခေါ် (ရေတွက်ရနာမ်)နဲ့ Uncountable Noun ခေါ် (ရေတွက်မရနာမ်) ဟူပြီး ထပ်ခွဲထားပြန်တယ်။

ကိုယ်ပိုင်နာမ်ဆိုတာကတော့ လူအမည်တွေ၊ နိုင်ငံအမည်၊ မြို့၊ ရွာအမည်တွေ၊ အခြား သီးခြားအမည်ရှိတဲ့ နာမ်တွေဖြစ်တယ်။ အဲဒီနာမ်မျိုးကို ဝါကျထဲမှာ ထည့်သုံးရင် ၎င်းတို့ရှေ့က Article ခေါ် (နာမ်ညွှန်စကား) ဖြစ်တဲ့ (a, an, the) တို့ မပါစေရဘူး။

အရေးကြီးတာက (ရေတွက်ရနာမ်) နှင့် (ရေတွက်မရနာမ်) တို့ကို ပိုင်းခြားသိရှိဖို့က လိုအပ်တယ်။ အဲဒီလို ပိုင်းခြားသိမှ Article ကို အမှန်သုံးနိုင်တယ်။ Number ခေါ်တဲ့ ကိန်း/ဂဏန်းတွေနဲ့လည်း မှန်ကန်စွာတွဲသုံးနိုင်မှာ ဖြစ်တယ်။

နာမ်တွေကို ကိုင်တွယ်သုံးစွဲတဲ့အခါမှာ ဒီအချက်ဟာ အလွန် အရေးပါလှတယ်။ ဒီအချက်လောက်မှ မနိုင်နင်းရင်း အင်္ဂလိပ်ဝါကျတွေဖွဲ့ရာမှာ အများဆုံးပါဝင်လာတတ်တဲ့ (နာမ်)ကို မှားယွင်းစွာ သုံးမိတတ်တယ်။

ဒါကြောင့် လက်တွေ့ အသုံးချရာမှာ၊ နာမ်တစ်လုံးကိုတွေ့ရင် (C.N) လား (U.N) လားလို့ ခွဲခြားသိအောင် လုပ်ရတယ်။ အဲဒီလို ခွဲခြားသိရှိပြီးမှ နာမ်နဲ့ တွဲဖက်ပါသင့် မပါသင့် စကားလုံးတွေကို ရွေးချယ်သုံးနှုန်းနိုင်မှာ ဖြစ်တယ်။ ဒါကြောင့် နာမ်တစ်လုံးဟာ (C.N) လား၊ (U.N) လား ခွဲခြားသိဖို့ အောက်ပါအချက်တွေကို နားလည်အောင် ဆက်လက် လေ့လာသင့်တယ်။

www.burmeseclassic.com

www.burmeseclassic.com



Countable Nounခေါ် (ရေတွက်ရနာမ်) ဆိုတာ လူ့လောကမှာ လူတို့ (တစ်ခု၊ နှစ်ခု၊ တစ်ကောင်၊ နှစ်ကောင်) စသဖြင့် ရေတွက် ပြောပြလေ့ရှိတဲ့ နာမ်မျိုးဖြစ်တယ်။

(ဥပမာ) – book (စာအုပ်) ––– (တစ်အုပ်၊ နှစ်အုပ်)
– man (လူ) ––– (တစ်ယောက်၊ နှစ်ယောက်)
– dog (ခွေး) ––– (တစ်ကောင်၊ နှစ်ကောင်)
– tree (သစ်ပင်) ––– (တစ်ပင်၊ နှစ်ပင်)

အထက်က ဥပမာအဖြစ်ဖော်ပြထားတဲ့ (C.N) တွေကို ဝါကျတွေမှာ ထည့် သုံးရင် Singular Noun ခေါ် (တစ်ခုသဘောရှိနာမ်) မျိုး ဖြစ်ပါက ၎င်းနာမ်ရှေ့က (a. an,the, one) စတဲ့ စကားလုံးတစ်လုံးလုံး ထည့်ပေးရတယ်။

(ဥပမာ) – He gives me **a book**
Sg.N
- I have mamy **books.**

Uncountable Nounခေါ် PL.N(ရေတွက်မရနာမ်) ဆိုတာက အရည်၊ အငွေ့၊ အမှုန့်၊ အစားအသောက်၊ ဓာတ်သတ္တု၊ သဘာဝထွက်ကုန်၊ မြန်မာလို (အ) အစပြုစကား၊ (ခြင်း/မှု) အဆုံးသတ်စကားတို့နဲ့ ဆိုင်တဲ့နာမ်မျိုး ဖြစ်တယ်။

(ဥပမာ) – rice = ဆန်/ထမင်း
– milk = နို့
– gold = ရွှေ
– honesty = ရိုးသားခြင်း
– earth = ကမ္ဘာ
– darkness = အမှောင်
– training = လေ့ကျင့်မှု

အထက်ဖော်ပြပါ(U.N) တွေကို ဝါကျမှာအသုံးပြုရင် Plural Form ခေါ် (အများပုံစံ) မပြုလုပ်ရဘူး။ Articleဖြစ်တဲ့ (a) လည်း ရှေ့က ထည့်မသုံးရဘူး။ သီးခြားလွတ်လပ်စွာ အသုံးပြုရတယ်။

(ဥပမာ) – A cow Produces **milk**
C.N U.N
- **Horesty** is the first **duty** we owe to our **fellows.**
U.N U.N C.N



သို့သော် ရေတွက်မရ နာမ်တွေကို ရေတွက်ပြောပြလိုရင် ကိန်းဂဏန်းတွေနဲ့ တွဲဖက် မရေတွက်နိုင်ဘဲ မရေရာတဲ့ သချ်ာသဘောဖြစ်တဲ့ (much, a lot of, a great deal of, little) စသည့် စကားလုံးများ ရှေ့ကထည့်ပြီး ဖော်ပြနိုင်တယ်။ သို့သော် (U.N)၏ စာလုံးပေါင်းကို အများပုံစံ မပြောင်းလဲရပါ။

(ဥပမာ) – much money = ငွေများစွာ
– little water = ရေနည်းနည်း
– a lot of momey = ငွေအများကြီး
– a great deal of liking = ကြိုက်နှစ်သက်မှုအများကြီး

အချုပ်ကိုဖော်ပြရရင် အင်္ဂလိပ်ဘာသာမှာ (နာမ်) စကားလုံးတွေဟာ အများဆုံး ဖြစ်ပါတယ်။ သူတို့ကို လက်တွေ့အသုံးချရာမှာ အထက်ပါဖော်ပြခဲ့သလောက်တော့ သိထားမှုဖြစ်ပါလိမ့်မယ်။ အဓိကအရေးအကြီးဆုံးက စကားလုံးတွေကို တွေ့မြင်သိရှိကျက်မှတ်ရပြီဆိုရင် ယင်းတို့ရဲ့အမျိုးအစား အမည်တွေကိုပါ တွဲဖက်ကျက်မှတ် သိရှိရဖို့ အလွန်အရေးကြီးပါတယ်။

နာမ်နဲ့ဆိုင်တဲ့ အခန်းကဏ္ဍဟာ အင်္ဂလိပ်စာပေမှာ ကျယ်ပြန့်များပြားလှပါတယ်။ ယခုစာရေးသူ တင်ပြထားတာထက် ပို၍ ရှိပါသေးတယ်။ စာရှုသူက အခြားပြည့်စုံကောင်းမွန်တဲ့ သဒ္ဒါစာအုပ်များကို ဆတ်လက် ကိုးကားလေ့လာကြည့်မယ်ဆိုရင် ပို၍ကောင်းမွန်နိုင်ကြောင်း အကြံပြုလိုပါတယ်။

## နာမ်ကိုဝါကျများအတွင်း ထည့်သွင်းသုံးစွဲပုံ

## Usages of Noun in Sentences

စကားလုံးတစ်လုံးကို လေ့လာရာ၌ ၎င်းစကားလုံးဟာ (နာမ်) စကားလုံးဖြစ်တယ်ဆိုတာကို သေချာစွာ သိရှိပြီးရင် (နာမ်) အမျိုးအစား စကားလုံးတို့ဟာ ဝါကျများအတွင်း ထည့်သွင်းသုံးစွဲ ရင် အောက်ဖော်ပြပါအချက် (၄) ချက်အနက် တစ်ချက်ချက်တွင် ထည့်သုံးနိုင်ကြောင်း အထူးဂရုပြုမှတ်သားပြီး အသုံးချနိုင်ပါတယ်။

(၁) ဝါကျ၏ကတ္တားနေရာ၌လည်းကောင်း၊
(၂) ဝါကျ၏ ကံနေရာ၌လည်းကောင်း၊
(၃) ဝိဘတ်တစ်လုံးလုံး၏ ကံအဖြစ်လည်းကောင်း၊
(၄) အဖြည့်ပုဒ် အဖြစ်လည်းကောင်း အသုံးချနိုင်ပါတယ်။

(ဥပမာ) – The **crowd** was very big.
S

www.burmeseclassic.com

www.burmeseclassic.com

- The **elephant** has great strength.
  S
- **Solomon** was famous for his wisdom.
  S
- The cow gives **milk.**
  O
- I see a **bird** on that tree.
  O
- Hari wrote a **letter** to his father.
  O
- The ink is **in** the **inkpot.**
  Prep O
- The sun is **in** the **sky.**
  Prep O
- Birds build nests **in** **trees.**
  Prep O
- U Ba is a **doctor.**
  C
- Maung Hla is a **student**
  C
- Mya Mya is a **nurse.**
  C

## ၂။ Pronoun (နာမ်စား)

A Pronoun is a word which is used instead of a Noun. (နာမ်စားဆိုတာ နာမ်အစား အသုံးပြုတဲ့စကားလုံးကို ခေါ်တယ်။

(ဥပမာ) – Listen to **Rama**; **he** is singing.
N pron.

- **Hari** is absent, because **he** is ill.
  N pron.



_ **Mary** is a girl. **She** is at home.
N pron.

တစ်နည်းအားဖြင့် နာမ်စားဆိုတာကို Words that stand instead of Noun are called Pronouns = နာမ်တွေအစား ရပ်တည်ပေးတဲ့ စကားလုံးများကို နာမ်စားများလို့ ခေါ်ပါတယ်) ဟုလည်း အဓိပ္ပာယ်သတ်မှတ်နိုင်ပါတယ်။

**နာမ်စားအမျိုးအစားများ**

**Kinds of Pronoun**

(1) Personal Pronoun (လူပုဂ္ဂိုလ်ဆိုင်ရာ နာမ်စား)

(ဥပမာ) I, me, we, us, you, he, him, she, her, it, they, them

လူပုဂ္ဂိုလ်ဆိုင်ရာ နာမ်စားတွေဟာ အင်္ဂလိပ်ဘာသာ အသုံးအနှုန်းမှာ အလွန် အရေးပါ အရာရောက်လှပါတယ်။ သူတို့ကို ခွဲခွဲခြားခြားနားလည်ထားပါမှ ဝါကျများတွင် မှန်ကန်စွာ အသုံးချနိုင်မှာ ဖြစ်တယ်။

၎င်းအမျိုးအစားကို အောက်ဖော်ပြပါ အစဉ်အတိုင်း ကျက်မှတ်ထားသင့်ပါတယ်။

| Subjective Pron. | Objective Pron. | Possessive Adj. | Possessive Pron. | Reflexive/ Emphatic Pron. |
|---|---|---|---|---|
| ကတ္တားနာမ်စား | ကံနာမ်စား | ပိုင်ဆိုင်မှုပြ နာမဝိသေသန | ပိုင်ဆိုင်မှုပြ နာမ်စား | ရောင်ပြန် / လေးနက်နာမ်စား |
| (.... သည်) | (.... ကို) | (.... ၏ ....) | (... ဟာ/ ... ဥစ္စာ) | (...ကိုယ်ကို/ ကိုယ်တိုင်) |
| OI | me | my | mine | myself |
| Ome | us | our | ours | ourselves |
| Oyou | you | your | yours | yourself/ yourselves |
| Ohe | him | his | his | himself |
| OShe | her | her | hers | herself |
| Oit | it | its | its | itself |
| Othey | them | their | theirs | themselves |

www.burmeseclassic.com

www.burmeseclassic.com

အထက်ပါ လူပုဂ္ဂိုလ်နှင့် ဆိုင်တဲ့ (နာမ်စား) ငါးမျိုးကို အစဉ်အတိုင်း ကျက်ထားသင့်တယ်။ နာမ်စားတစ်လုံးဟာ (Subjective Pronoun) ခေါ် (ကတ္တားနာမ်စား) ဖြစ်ရင် ဝါကျထဲမှာ ကတ္တားထားရတဲ့နေရာမှာ ထားသုံးရတယ်။ (Objective Pronoun) ခေါ် (ကံနာမ်စား) ဖြစ်ရင် ဝါကျထဲမှာ ကံထားရတဲ့ နေရာ ထားသုံးရတယ်။ (Possessive Adjective) ခေါ် (ပိုင်ဆိုင်မှုပြနာမ်စား) ဆိုရင် ဝါကျထဲမှာ (ကံ) ထားရတဲ့ နေရာများမှာ ထည့်သုံးလေ့ရှိတယ်။ နောက်ဆုံး (Reflexive/Emphatic Pronoun) ခေါ် (ရောင်ပြန်နာမ်စား/ လေးနက်နာမ်စား) ဆိုရင် နှစ်မျိုးဖြစ်နိုင်တဲ့အတွက် (Reflexive) ခေါ် (ရောင်ပြန်နာမ်စား) အဖြစ်သုံးပါက ဝါကျထဲမှာ (ကံ)ထားရသည့်နေရာ ထားသုံးရပြီး (Emphatic) ခေါ် (လေးနက်နာမ်စား)ဆိုရင်၊ ဝါကျထဲမှာ သက်ဆိုင်ရာ (ကတ္တားပုဒ်) နောက်က ကပ်လျက်လည်းကောင်း၊ ဝါကျအဆုံး၌လည်းကောင်း ထားသုံးနိုင်တယ်။

(ဥပမာ)

| Examples | |
|---|---|
| - I am young<br>- We are studants<br>- You are a dictor | Subjective Prons. |
| - Maung Hla gives **her** a book.<br>- I com tell **you** about it.<br>- He does not like **them**. | Objective Prons. |
| - This is **my book.**<br>- That is **your book.**<br>- That is **his book** . | Possessive Adjs. |
| - This book is **mine**.<br>- Those books are **yours**.<br>- That book is **hers**. | Possessive Prons. |
| - I hurt **myself**.<br>- The horse hurt **itself.**<br>- They hurt **themselves.** | Reflexive Prons. |
| - **They themselves** admitted their guilt.<br>- I will do it **myself**.<br>- I **myself** will speak to him. | Emphatic Prons. |

အထက်ပါ Personal Pronoun ခေါ် (လူပုဂ္ဂိုလ်နှင့် ဆိုင်သောနာမ်စား)



အတွက် နောက်ထပ် မှတ်သားစရာတစ်ခု ကျန်ပါသေးတယ်။ အဲဒါကတော့ လူပုဂ္ဂိုလ်ကို (၃) မျိုး ခွဲထားတဲ့ ပုံစံပါဘဲ။ Forms of the Personal Pronouns လို့ ခေါ်နိုင်ပါတယ်။ ယင်းတို့ကတော့-

(1) First Person ----- I, we

(2) Second Person ---- you

(3) Thind Person ----- He, She, It, They, Mg Hla---etc. တို့ပဲဖြစ်ပါတယ်။

အထက်ပါ လူပုဂ္ဂိုလ် (၃) မျိုး ခွဲခြားသတ်မှတ်ထားရခြင်းက ဝါကျထဲမှာ ထည့်သုံး မယ်ဆိုရင် Tense ခေါ် (ကာလ)ကို ကြည့်ပြီး (ကြိယာ)ကို အသုံးမှန်အောင်လို့ သတ်မှတ်ထားတာပါ။

(ဥပမာ) Present Simple Tense မှာ 1st. P ဖြစ်သော (I, we) နှင့် 2nd. P ဖြစ်သော (you) တို့ကို ဝါကျထဲထည့်သုံးရင်း (ကြိယာပုံစံ)ဟာ stem verb ခေါ် (မူလကြိယာပုံစံ) ပဲ ဖြစ်ရတယ်။

- **I go** to school.
- **we go** to school.
- **you go** to school.

သို့သော် 3rd. P ဖြစ်သော အနည်းနာမ်စား (He, she, It, Mg Hla) တို့ကို သုံးမယ်ဆိုရင် ကြိယာဟာ present verb ခေါ် (s) အဆုံးသတ်တဲ့ ကြိယာမျိုး ဖြစ်ရတယ်။

- **He goes** to school.
- **She goes** to school.
- **Mg Hla goes** to school.

သို့သော် 3 nd. P ဟာ အများနာမ်စားဖြစ်တယ်ဆိုရင် stem verb ခေါ် မူလကြိယာကိုပဲ သုံးရပါတယ်။

(ဥပမာ) - **They go** to school.

**(2) Demonstrative Pronouns (ညွှန်ပြနာမ်စားများ)**

လက်ညိုးထိုး ညွှန်ပြဘိသကဲ့သို့ အဓိပ္ပာယ်သက်ရောက်သောကြောင့် ယင်းတို့ကို ညွှန်ပြနာမ်စားဟု ခေါ်ခြင်းဖြစ်ပါတယ်။

(ဥပမာ)- This, these = ဤဟာ၊ ဤဟာများ

www.burmeseclassic.com

www.burmeseclassic.com

- that, those = ထိုဟာ, ထိုဟာများ
- such, as such = ဤကဲ့သို့သောအရာ

**(3) Indefinite Pronouns (မတိကျနာမ်စားများ)**

ဘယ်သူဘယ်ဝါ၊ ဘယ်အရာဘယ်ဟာရယ်လို့ တိတိကျကျ ဖော်ပြခြင်း မပြုနိုင်တဲ့ နာမ်စားမျိုးကို မတိကျနာမ်စားများလို့ ခေါ်ပါတယ်။

(ဥပမာ)
- one, ones = တစ်စုံတစ်ယောက်, သူတို့တွေ
- none = ဘယ်သူမှမဟုတ်
- they = သူတို့
- all = အားလုံး
- some = အချို့
- somebody = အချို့လူ
- nobody = ဘယ်သူမှ
- few = အနည်းငယ်
- many of = အများ
- any of = တစ်စုံတစ်ယောက်
- other, others = အခြား၊ အခြားသူများ
- anybody = တစ်စုံတစ်ယောက်
- everybody = လူတိုင်း
- everyone = လူတိုင်း

**(4) Distributive Pronouns (ဝေငှနာမ်စားများ)**

ဝေငှခြင်း (သို့မဟုတ်) ဝေခြင်းသဘောရှိသော နာမ်စားများကို ဝေငှနာမ်စားဟု ခေါ်ပါတယ်။

(ဥပမာ)
- each = တစ်ခုစီ
- each of = (အများအနက်) တစ်ခုစီ
- either of = (၂ ယောက်အနက်) တစ်ယောက်ယောက်
- neither of = (၂ ယောက်အနက်) တစ်ယောက်မှမဟုတ်
- each other = (၂ ယောက်) တစ်ယောက်နှင့် တစ်ယောက်
- one another = (၂ ယောက်ထက် ပိုသူတို့) တစ်ယောက်နှင့် တစ်ယောက်



**(5) Relative Pronouns (ပုဒ်ဆက်နာမ်စား)**

ဝါကျနှစ်ကြောင်းကို တစ်ကြောင်းတည်းဖြစ်အောင် ကြားက ဆက်စပ်ပေးသော နာမ်စားမျိုးကို ပုဒ်ဆက်နာမ်စားဟု ခေါ်ပါတယ်။

(ဥပမာ)
- I met Hari. Hari had just returned.
  (I met Hari who had just returned.)
- I have found the pen. I had lost the pen.
  (I have found the pen which I had lost.)
- Here is the book . You lent me the book.
  (Here is the book that you lent me.)

ထို့အပြင် (whose, whom, what) စသည်တို့သည်လည်း ပုဒ်ဆက်နာမ်စားများ ဖြစ်ကြတယ်။

**(6) Interrogative Pronouns (အမေးနာမ်စားများ)**

မေးခွန်းမေးရာတွင် ဝါကျ၏ ရှေ့ဆုံးကထားပြီး မေးရတဲ့အမေးစကားလုံးများကို အထူးသဖြင့် (wh-) စကားလုံးများကို အမေးနာမ်စားလို့ ခေါ်ပါတယ်။

(ဥပမာ) who, whom, of whom, To whom, whose, which, what, Whoever, whatever --- etc.
- Who are you? (မင်းဘယ်သူလဲ)
- Who do you want? (မင်းဘယ်သူ့ကိုအလိုရှိသလဲ)
- Whose is this book? (ဒီစာအုပ်ဟာ ဘယ်သူ့စာအုပ်လဲ)
- Which do you prefer, tea or coffee? (လက်ဖက်ရည် ဒါမှမဟုတ် ကော်ဖီ မင်းဘယ်ဟာကို နှစ်သက်သလဲ။)
- What do you want? (မင်း ဘာအလိုရှိသလဲ။)
- Whatever are you doing? (မင်း ဘာမဆိုလုပ်မလား)

## ၃။ Adjective (နာမဝိသေသန)

နာမ်ကို အထူးပြုချဲ့ထွင် ဖော်ပြသောပုဒ်ကို နာမဝိသေသနလို့ ခေါ်တယ်။ အင်္ဂလိပ်လိုဆိုရင်တော့ (Adjective means added something to the meaning of a Noun) ဟု ဆိုနိုင်တယ်။

(ဥပမာ) - Rama is a **big boy**.
Adj N

www.burmeseclassic.com

www.burmeseclassic.com

- **Lazy** students fail.
  Adj N

- England is a **rich country**.
  Adj N

နာမဝိသေသနမှာ အဓိကလုပ်ငန်းကြီး (၂) ရပ်ရှိတယ်။ ပထမလုပ်ငန်းက Attributive Function ခေါ် (နာမ်)ကို အထူးပြုရသည့်လုပ်ငန်းဖြစ်ပြီး ဒုတိယလုပ်ငန်းက Helping Verb ခေါ် အကူကြိယာဖြစ်သော Verb to be (am, is, are, was, were, be, been, being) နှင့် Modal Helping Verb (shall, will, can, may, must---) စသည်တို့၏ နောက်ကတွဲပြီး Predicative Function ခေါ် ဝုဏ်ရည်ပြသည့်လုပ်ငန်း ဖြစ်တယ်။

(ဥပမာ) - The **lazy boy** was punished. (Attributive Function)
  Adj N

- The boy **is lazy**. (Predicative Function)
  HV Adj

**နာမဝိသေသန အမျိုးအစားများ**

**Kinds of Adjectives**

**(1) Adjective of Quality (Descriptive Adjectives)**

**ဂုဏ်ရည်ပြ (သို့မဟုတ်) သရုပ်ဖော် နာမဝိသေသန**

(ဥပမာ) - Large = ကြီးသော
- honest = ရိုးသားသော
- foolish = မိုက်မဲသော
- old = အိုဟောင်းသော/ အသက်ကြီးသော
- Yangon is a large **city**.
  N
- He is an **honest man**.
  N
- The **foolish old crow** tried to sing.
  N



**(2) Adjectives of Quantity**

**(အညွှန်းနာမဝိသေသန)**

အရာတစ်ခုကို (How much = ဘယ်လောက်များသလဲ) ဟုသောသဘော အဓိပ္ပာယ်မျိုးရှိသည့် နာမဝိသေသနမျိုးကို အညွှန်းနာမဝိသေသနလို့ ခေါ်တယ်။ မြန်မာလို (ဤ၊ သည်၊ ထို၊ ၎င်း၊ တစ်စုံတစ်ခု၊ တစ်ပါး၊ အခြား) ဟူသော စကားလုံးမျိုး ဖြစ်ပါတယ်။

(ဥပမာ) - some = အချို့သော
- much = များစွာသော
- little = အနည်းငယ်သော
- enough = လုံလောက်သော
- all = အားလုံးသော
- no = ဘာမှမဟုတ်သော
- any = အချို့သော
- great = များစွာသော
- half = တစ်ဝက်ဖြစ်သော
- sufficient = လုံလောက်သော
- whole = တစ်ခုလုံးဖြစ်သော

- I ate **some** rice.
- He showed **much** patience.
- He has **little** intelligence.
- We have had **enough** exercises.
- He has lost **all** his wealth.
- You have **no** sense.
- He did not eat **any** rice.
- Take **great** care of your health.
- He claimed his **half** share of the booty.
- There has not been **sufficient** rain this year.
- The **whole** sum was expended.

www.burmeseclassic.com

www.burmeseclassic.com

### (3) Adjectives of Number (Numeral Adjectives)

**သင်္ချာနာမဝိသေသန**

ကိန်းဂဏန်းသင်္ချာဆန်သော နာမဝိသေသနတို့ကို သဒ္ဒါစကားဖြင့် သင်္ချာနာမဝိသေသနလို့ ခေါ်တယ်။

(ဥပမာ) - one, two, three = တစ်,နှစ်,သုံး
- few = အနည်းငယ်သော
- no = မည်သည့် ... မျှ
- many = များစွာသော
- all = အားလုံးသော
- some = အချို့သော
- most = အများဆုံးဖြစ်သော
- several = များစွာသော
- first, second, third = ပထမ, ဒုတိယ, တတိယ

- The hand has **five** fingers.
- **Few** cats like cold water.
- There are **no** pictures in this book.
- I have taught you **many** things.
- **All** men must die.
- Here are **some** ripe mangoes.
- **Most** boys like cricket.
- There are **several** mistakes in your exercise.
- Sunday is the **first** day of the week.

သင်္ချာနာမဝိသေသနများကို (၃) မျိုး ထပ်မံ ပိုင်းခြားထားသေးတယ်။ ယင်းတို့မှာ အောက်ပါတို့ ဖြစ်ကြတယ်။

(a) Definite Numeral Adjectives(တိကျသင်္ချာ နာမဝိသေသနများ)

(ဥပမာ) Candinals (အရေအတွက်ပြသင်္ချာ).... one, two, three ...etc.

Ordinals (အကြိမ်ပြသင်္ချာ).... first, second, third, .... ect.

(b) Indefinite Numeral Adjectives(မတိကျသင်္ချာနာမဝိသေသနများ)

(ဥပမာ) all, no, many, few, some, any, certain, several, sundry



(c) Distributive Numeral Adjectives(ဝေငှသင်္ချာနာမဝိသေသနများ)

(ဥပမာ) each, every, either, neither

### (4) Demonostrative Adjectives (ညွှန်ပြနာမဝိသေသနများ)

(ဥပမာ) - this, there, that, those, yonder, such

### (5) Interrogative Adjectives (အမေးနာမဝိသေသနများ)

(ဥပမာ) - what, which, whose

- **What manner** of man is he ? (သူက ဘယ်လိုလူစားလဲ)
  adj N
- **Which** way shall we go ? (ငါတို့ ဘယ်လမ်းကသွားရမလဲ)
- **Whose** book is this ? (ဒါ ဘယ်သူ့စာအုပ်လဲ)

### (6) Emphasizing Adjectives (လေးနက်နာမဝိသေသနများ)

(ဥပမာ) - own = ကိုယ်ပိုင်ဖြစ်သော
- very = ...ပင်/ ပေါ့/ ပဲ
- I saw it with my **own eyes.**
  Adj N

(ကျွန်တော်ဒါကို ကျွန်တော့မျက်စိနဲ့ကို မြင်ခဲ့တာ)

- That is the **very thing** we want.
  Adj N

(အဲဒါဟာ ငါတို့လိုချင်တဲ့ အရာပဲပေါ့)

### (7) Exclamatory Adjective (အံ့သြမှုပြ နာမဝိသေသန)

(ဥပမာ) - What genius ! (ဉာဏ်ကြီးရှင်ပဲ)
- What folly! (မိုက်လိုက်လေ။)
- What an idea! (စိတ်ကူးပါ။)
- What a blessing! (မင်္ဂလာပါပဲ။)
- What a piece of work is man ! (အလုပ်လုပ်တဲ့လူပဲ။)

### Comparison of Adjectives

**(နာမဝိသေသနများ၏ နှိုင်းယှဉ်ခြင်းအဆင့် ခွဲခြားခြင်း)**

နာမဝိသေသန၏ အဓိကလုပ်ငန်းတစ်ခုမှာ နာမ်ကို အထူးပြုအကျယ်ချဲ့ခြင်းပင် ဖြစ်ပါတယ်။ ထိုသို့အထူးပြုအကျယ်ချဲ့ရာမှာ နာမ်၏ဂုဏ်အရည်အသွေး အနည်းအများကို ခွဲခြားဖော်ပြရတာလဲ ရှိတတ်ပါတယ်။ ယင်းသို့ခွဲခြားပြရာမှာ

www.burmeseclassic.com

www.burmeseclassic.com



အဆင့် (၃) ဆင့်ရှိပါတယ်။ ယင်းတို့မှာ-

(၁) Positive Degree of Adjective (သာမန်အဆင့်)

(၂) Comparative Degree of Adjective (သာလွန်အဆင့်)

(၃) Superlative Degree of Adjective (အသာလွန်ဆုံးအဆင့်)

(ဥပမာ) - Rama's mango is **sweet**.

ချိုသော

- Hari's mango is **sweeter** than Rama's.

သာ၍ချိုသော

- Govind's mango is the **sweetest** of all.

အချိုဆုံးသော

**မှတ်ချက်**

(၁) နာမဝိသေသနစကားလုံးတိုင်း ဤအဆင့် (၃)ဆင့်စလုံး ရှိကြသည်။

(၂) သာမန်အဆင့် (P.D. Adj) သည်နှိုင်းယှဉ်မှုသဘော မရှိပါ။

(၃) သာလွန်အဆင့်နှင့် အသာလွန်ဆုံးအဆင့် (C. D. Adj and S.D. Adj တို့သာ နှိုင်းယှဉ်မှုကို ဖော်ပြတဲ့သဘောရှိပါတယ်။

**Formation of Comparative and Superlative**

**(သာလွန်အဆင့်နှင့် အသာလွန်ဆုံးအဆင့်တို့ကိုတည်ဆောက်ယူခြင်း)**

အင်္ဂလိပ်ဝါကျများရေးရာမှာ နာမဝိသေသနကို နှိုင်းယှဉ် ဖော်ပြလိုရင် သာလွန်အဆင့်နဲ့ အသာလွန်ဆုံးအဆင့်တို့ကို ပြုပြင်ပြီး သုံးစွဲရပါတယ်။ အဲ့ဒီလို ပြုပြင်ရာမှာ အောက်ဖော်ပြပါ နည်းစနစ်တွေကို သိထားဖို့ အထူးလိုအပ်ပါတယ်။

(၁) အသံထွက်အားဖြင့် တစ်သံ (သို့မဟုတ်) နှစ်သံ ထွက်တဲ့ P.D. Adjတွေကို C.D.Adjနဲ့ S.D.Adj အဖြစ် ပြောင်းလဲသုံးစွဲလိုရင် နာမဝိသေသန အများစုကို သာလွန်အဆင့်အတွက် (er) ထည့်ပေါင်းပေးရတယ်။ အသာလွန်ဆုံးအဆင့်အတွက် ( est) ထည့်ပေါင်းပေးရတယ်။

| | Positive<br>သာမန်အဆင့် | Comparative<br>သာလွန်အဆင့် | Superlative<br>အသာလွန်ဆုံးအဆင့် |
|---|---|---|---|
| (ဥပမာ) - | sweet | sweeter | sweetest |
| - | small | smaller | smallest |



| | | | |
|---|---|---|---|
| - | tall | taller | tallest |
| - | bold | bolder | boldest |
| - | clever | cleverer | cleverest |
| - | kind | kinder | kindest |
| - | young | younger | youngest |
| - | great | greater | greatest |

(၂) သို့သော် မူလအရင်းခံဖြစ်တဲ့ (P.D. Adj) ၏ စာလုံးပေါင်းအဆုံးမှာ (e) ဆုံးနေရင် (C.D. Adj) အတွက် (r) တစ်လုံးသာပေါင်းပေးရပြီး (S.D. Ad) အတွက် (st) သာ ပေါင်းပေးရတယ်။

| | | | |
|---|---|---|---|
| (ဥပမာ) - | brave | braver | bravest |
| - | fine | finer | finest |
| - | white | whiter | whitest |
| - | large | larger | largest |
| - | able | abler | ablest |
| - | noble | nobler | noblest |
| - | wise | wiser | wisest |

(၃) အချို့ (P.D. Adj) စာလုံးပေါင်းတွေဟာ (y) နဲ့ အဆုံးသတ်နေတတ်တယ်။ ယင်းတို့ကို (C.D. Adj) နှင့် (S.D. Adj) သို့ ပြောင်းလဲလိုရင်၊ ထို (y) ကို (i) သို့ ပြောင်းပြီးမှ (er)နဲ့ (est) ဆက်ပေးရတယ်။

| | | | |
|---|---|---|---|
| (ဥပမာ) - | happy | happier | happiest |
| - | easy | easier | easiest |
| - | heavy | heavier | heaviest |
| - | merry | merrier | merriest |
| - | wealthy | wealthier | wealthiest |

(၄) အသံထွက်အားဖြင့် တစ်သံ (one syllable) သာ ထွက်သော မူလအရင်းခံ (P.D. Adj)တို့ကို (C.D. Adj)နဲ့ (S.D. Adj) သို့ ပြောင်းလဲရေးသားရာမှာ (P.D. Adj) ၏ အဆုံးစာလုံးကို တစ်ခါ ထပ်ပြီးမှ (er)နဲ့ (est) ဆက်ပေးရတယ်။

| | | | |
|---|---|---|---|
| (ဥပမာ) - | red | redder | reddest |

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| - big | bigger | biggest |
| - hot | hotter | hottest |
| - thin | thinner | thinnest |
| - sad | sadder | saddest |
| - fat | fatter | fattest |

(၅) အချို့အသံထွက်အားဖြင့် (နှစ်သံ) နှင့် (နှစ်သံ) အထက်ထွက်သော (P. D. Adj) များကို (C.D Adj) အတွက် ရှေ့က (more) ထပ်ပေါင်းပေးရပြီး (S. D. Adj) အတွက် ရှေ့က (most) ပေါင်းပေးရတယ်။

(ဥပမာ)

| | | |
|---|---|---|
| - splendid | more splendid | most splendid |
| - beautiful | more beautiful | most baautifuil |
| - difficult | more difficult | most difficult |
| - industrious | more industrious | most industrious |
| - courageous | more courageous | most courageous |
| - learned | more learned | most learned |
| - proper | more proper | most proper |

(၆) အချို့သော မူလအရင်းခံ (P. D. Adj) တို့ကို (C.D. Adj) နှင့် (S.D. Adj) တို့ ပြောင်းလဲသုံးစွဲရာမှာ အထက်က ဖော်ပြခဲ့တဲ့ အချက် (၅) ချက်နဲ့ မကိုက်ညီပဲ ပြောင်းလဲမှုပုံသဏ္ဌာန် မမှန်ကန်တာကို တွေ့ရတယ်။ အဲ့ဒီနာမဝိသေသနမျိုးကို အဆင့် (၃) ဆင့် စလုံး တန်းစီပြီး ကျက်မှတ်ထားပါမှ အသုံးချနိုင်မှာ ဖြစ်တယ်။ ယင်းတို့ကို ပုံသဏ္ဌာန်မမှန်တဲ့ နှိုင်းယှဉ်မှုပြ နာမဝိသေသနများ (Irregular Comparison) လို့ ခေါ်ပါတယ်။

(ဥပမာ)

| | | |
|---|---|---|
| - good, well | better | best |
| - bad , evil, ill | worse | worst |
| - little | less, lesser | least |
| - must | more | most (quantity) |
| - many | more | most (number) |
| - late | later, latter | latest, last |
| - old | older, elder | oldest, eldest |



| | | | |
|---|---|---|---|
| - far | | farther | farthest (distance) |
| - nigh | | nigher | nightest, next |
| - fore | | former | foremost, first |
| - (force) | Advs | further | furthest (movement) |
| - (in) | Advs | inner | inmost, innermost |
| - (up) | Advs | upper | upmost, uppermost |
| - (out) | Advs | outer, utter | utmost, uttermost |

## နာမဝိသေသနအဆင့်တို့ကို ဝါကျတွင်ထည့်သုံးပုံ

**Uses of Degrees of Comparison**

(၁) (P.D. Adj) အမျိုးအစားကို လူနှစ်ယောက် သို့မဟုတ် အရာနှစ်ခုတို့ တစ်စုံတစ်ရာသော ဂုဏ်ဒြပ်နှင့် ပတ်သက်ပြီး တူသည်ဟု ဖော်ပြလိုသောအခါ (as ... P.D Adj ... as) ကို အသုံးပြုရသည် (သို့မဟုတ်) not နှင့် C. D. Adj ကို အသုံးပြုနိုင်သည်။

(ဥပမာ) - This boy is **as clever** as that.
(ဤလူကလေးသည် ထိုလူကလေးကဲ့သို့ လိမ္မာသည်။)
- This boy is no less **clever** than that.
(ဤလူကလေးသည် ထိုလူကလေးထက် အလိမ္မာနည်းသည် မဟုတ်ပါ။)
- This boy is not **more clever** than this.
(ထိုလူကလေးသည် ဤလူကလေးထက် ပိုမလိမ္မာပါ။)

(၂) (C.D. Adj) ကို လူနှစ်ယောက် အရာဝတ္ထုနှစ်ခုကို တစ်စုံတစ်ရာသော ဂုဏ်ဒြပ်နှင့် ပတ်သက်ပြီး မတူညီကြောင်း ဖော်ပြရာတွင် သုံးလေ့ရှိသည်။ ထိုအခါ (than) သို့မဟုတ် (....of the two) တို့ကို အသုံးပြုလေ့ရှိသည်။

(ဥပမာ) - This boy is **clever** than that.
(ဤလူကလေးသည် ထိုလူကလေးထက် ပိုလိမ္မာသည်။)
- This boy is the **clever** of the two.
(ဤလူကလေးသည် နှစ်ယောက်အနက် ပိုလိမ္မာသည်။)

(၃) (S. D. Adj)ကို အမျိုးအစားအားလုံးတွင် အသာလွန်ဆုံးသောအမျိုး ဖော်ပြလိုသောအခါ (the.....of) နှင့် တွဲသုံးရတယ်။

www.burmeseclassic.com

www.burmeseclassic.com


(ဥပမာ) - This boy is **the cleverst** of all.
(ဤလူကလေးသည် အားလုံးအထဲတွင် အတော်ဆုံးဖြစ်သည်။)

**မှတ်ချက်**

(S.D. Adj) ကို အသုံးပြုရာမှာ (the) ကို အမြဲတမ်း ရှေ့ကထည့်သုံးရတယ်။ သို့သော် ပိုင်ဆိုင်မှုနာမ်စားဖြင့် ရှေ့ကသုံးတဲ့အခါ (the) ထည့်ဖို့ မလိုပါ။

(ဥပမာ) - He is **my greatest** fiend.
(သူဟာ ကျွန်တော်ရဲ့ အကြီးဆုံးမိတ်ဆွေပါ။ သို့ရာတွင် (very) ကို ထည့်သုံးရာ၌ အောက်ပါအတိုင်း မြင်ရတယ်။)

(ဥပမာ) - He is a **very bad** scholar.
(သူဟာ အလွန်ညံ့တဲ့ ကျောင်းသားဖြစ်တယ်။)
- He is a **very best** student in this class .
(သူဟာ အတန်းထဲမှာ အမှန်ပင် အကောင်းဆုံးစာသင်သား ဖြစ်တယ်။)

(၄) Latin word ခေါ် (လက်တင်စကားလုံး)များမှ ဆင်းသက်လာတဲ့ (interior = အတွင်းမှာ), (exterior = အပြင်မှာ), (ulterior = တစ်ဘက်ကဖြစ်သော), (major=ကြီးသော), (minor = ငယ်သော) တို့ကို (P.D. Adj )ခေါ် (အနိမ့်စား နာမဝိသေသန) ကဲ့သို့ပင် အသုံးပြုရတယ်။

(ဥပမာ) - A fact of **minor** importance.
(အနည်းငယ်မျှ အရေးကြီးသော အကြောင်းတစ်ခု)
- He had an **ulterior** purpose in doing this.
(သူမှာ ဤဟာကိုလုပ်ခြင်းတွင် အပြင်ဗာဟိရဖြစ်သော ရည်ရွယ်ချက်ကိစ္စတစ်ခု ရှိခဲ့တယ်။)
- The **interior** parts of a building.
(အဆောက်အဦး အတွင်းကျသော အပိုင်းများ)
- The **interior** of the room was well funished.
(အခန်း၏ အတွင်းကို ကောင်းမွန်စွာ ခင်းကျင်းထားတယ်)

(၅) အင်္ဂလိပ်စကားလုံးများဖြစ်သော (former = ရှေးကျသော), (latter =နောက်ကျသော), (elder=အကြီးဖြစ်သော), (hinder



= နောက်ဖြစ်သော), (inner = အတွင်းကျသော), (outer = အပြင်ကျသော) (upper = အထက်ကျသော), (nether = အောက်ကျသော) ဟူသည့် စကားလုံးများ နောက်တွင် (than) ဆက်ပြီး မသုံးရပါ။

(ဥပမာ) - the former and the latter rain.
(ရှေ့ကရွာသော မိုးနှင့် နောက်မှရွာသော မိုး)
- old testament. (ဓမ္မဟောင်း)
- the inner meaning. (အတွင်းသဘောအဓိပ္ပာယ်)
- the outer surface. (အပြင်မျက်နှာပြင်)
- the upper and the nether mill-stones.
(အပေါ်နှင့် အောက် ကျောက်ကြိတ်တုံးများ)

(၆) အချို့သော (C.D. Adj )နှင့် (S.D. Adj) တို့သည် ဝါကျတွင် ထည့်သုံးရာ၌ ခြားနားသော အသုံးပြုမှုများဖြင့် အသုံးပြုရတယ်။ ဥပမာ (later) နှင့် (latest) တို့သည် (Time) ခေါ် အချိန်ကို ရည်ညွှန်းဖော်ပြပြီး (latter) နှင့် (last) တို့ကတော့ (position) ခေါ် အခြေအနေ (သို့မဟုတ်) အနေအထားကို ရည်ညွှန်းကြတယ်။

(ဥပမာ) - He is **later** than I expected.
- I have not heard the **latest** news.
- The **latter** chapters are lacking in interest.
- The **last** chapter is carelessly written.
- Ours is the **last** house in the street.

(7) elder နှင့် eldert တို့ကိုမှ လူအတွက်သာအသုံးပြုပြီး တိရစ္ဆာန်နှင့် အရာဝတ္ထုတို့အတွက် အသုံးမပြုရပါ။ ယင်းတို့ကို မိသားစုအတွင်း အကြီးအငယ်ကို ရည်ညွှန်းဖော်ပြပါတယ်။ older နှင့် oldest ကိုတော့ လူရော အရာဝတ္ထုပါ နှစ်မျိုးစလုံး အသုံးပြုနိုင်ပါတယ်။

(ဥပမာ) - John is my **elder** bnother.
- Tom is my **eldest** son.
- He is **older** than his sister.
- Roma is the **oldest** boy in the eleven.
- This is the **oldest** temple in Calcutta.

www.burmeseclassic.com

(၈) farther သည် အကွာအဝေးကို ရည်ညွှန်းပြီး further သည် နောက်ထပ်/ ထပ်မံဖြစ်ခြင်းသဘောကို ရည်ညွှန်းပါတယ်။

(ဥပမာ) - Calcutta is **father** from the equator than colombo.
- After this he made no **further** remarks.
- I must have a reply without **further** delay.

(၉) nearest သည် အကွာအဝေးကို ရည်ညွှန်းပြီး၊ next သည် အနေအထားကို ရည်ညွှန်းပါတယ်။

(ဥပမာ) - Bombay is the seaport **nearest** to Europe.
- Osler's shop is **next** to the Post office.
- My uncle lives in the **next** house.

(၁၀) (C.D. Adj) တို့ကိုသုံးပြီး နှိုင်းယှဉ်ရာမှာ အများအားဖြင့် (than) နှင့် ဆက်သုံးလေ့ရှိကြသော်လည်း အချို့ (C. D. Adj) တို့၏ စာလုံးပေါင်းအဆုံးသတ်သည် (or) ဖြစ်နေပါက၊ ဝိဘတ် (to) နှင့် တွဲ၍ နှိုင်းယှဉ်အသုံးပြုရတယ်။ ထိုစကားလုံးများဟာ (interior, superior, prior, interior, posterior, senior, junior) တို့ ဖြစ်ကြတယ်။

(ဥပမာ) - Hari is **interior** to Rama in intelligance.
- Roma's intelligence is **superior** to Hari's.
- The death of king Edward was **prior** to the Great war.
- He is **junior** to all his colleagues.
- All his colleagues are **senior** to him.

(၁၁) အရည်အချင်းကို ဖော်ပြတဲ့ (square, round, perfect, eternal, universal, unique) တို့ကို နာမဝိသေသန အဆင့်ဆင့်ပြောင်းလဲပြီး နှိုင်းယှဉ်သုံးစွဲခွင့် မရှိပါ။

(ဥပမာ) - This is the most **perfect** specimen I have seen.
(ဒီဟာသည် ကျွန်တော်မြင်ဖူးသမျှ နမူနာထဲမှာ အပြည့်စုံဆုံး ဖြစ်သည်။)



## နာမ်ကဲ့သို့ အသုံးပြုသော နာမဝိသေသနများ
## Adjectives used as Nouns

နာမဝိသေသနတွေကို မကြာခဏဆိုသလို နာမ်အဖြစ်လည်း အသုံးပြုလေ့ရှိကြပါတယ်။ အဲဒီလို အသုံးပြုရာမှာ အောက်ပါအချက်တွေကို မှတ်သားလိုက်နာအပ်တယ်။

(၁) အနိမ့်စားနာမဝိသေသန (P. D. Adj) တစ်လုံးလုံးရဲ့ရှေ့မှာ (the) ပေါင်းရေးရင် Plural Noun ခေါ် (အများနာမ်) ဖြစ်ပါတယ်။ အများအားဖြင့် လူအမျိုးအစားကိုသာ ရည်ညွှန်းပါတယ်။

(ဥပမာ) - **The cautious** (=cantious presons) are not always cowards.
(သတိရှိသူတွေဟာ အမြဲတမ်း သူရဲဘောကြောင်သူတွေ မဟုတ်ကြဘူး။)
- **The rich** (= rich people) know not how **the poor** (= poor people ) live.
(ချမ်းသာသူတွေဟာ ဆင်းရဲသူတွေ ဘယ်လို နေထိုင်ကြတယ်ဆိုတာကို မသိကြဘူး။)
- The righteous (= nighteous people) are bold as a lion.
(မှန်ကန်သူတွေဟာ ခြင်္သေ့လို ရဲရင့်ကြတယ်။

(၂) ရုပ်ဒြပ်အကောင်အထည် မရှိသော အရာတို့၏ အရည်အချင်းကို ညွှန်ပြဖို့အတွက်လည်း (P. D. Adj ) ရှေ့က (the) ထည့်သုံးနိုင်တယ်။ သို့သော် singular Noun ခေါ် (အနည်းနာမ်) သဘောမျိုးနဲ့ အသုံးပြုရတယ်။

(ဥပမာ) - The future (= futurity) is unknown to us.
(အနာဂါတ်ကာလ အချိန်အခါကို ကျွန်တော်တို့အဖို့ မသိကြဘူး)
- He is a love of the beautiful (= beauty in general)
(သူဟာ အလှအပကို ချစ်တတ်သူဖြစ်တယ်။)

## ၄။ Verb (ကြိယာ)

ကြိယာဆိုတာ လူတစ်ဦး (သို့မဟုတ်) အရာတစ်ခု၏ အကြောင်းအရာကို တစ်စုံတစ်ရာ ပြောပြတဲ့ (သို့မဟုတ်) အခိုင်အမာပြောတဲ့ စကားလုံးမျိုး ဖြစ်တယ်။ (A Verb is a word that tells or asserts something about a person or thing.)

www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းအားဖြင့် ကြိယာဆိုတာ ပြုခြင်းကိုဖြစ်စေ၊ ဖြစ်ခြင်းကိုဖြစ်စေ၊ ရှိခြင်းကိုဖြစ်စေ ဖော်ပြသောပုဒ်ကို ခေါ်တယ်။

(ဥပမာ) – Maung Aung **goes** to school.

ဤဥပမာတွင် (goes=သွားသည်) ဟူသော ပုဒ်က မောင်အောင်၏ ပြုခြင်းကိုပြသည်။ ထိုသို့ပြုခြင်းကို ပြသည့်ပုဒ်ကို ကြိယာဟုခေါ်တယ်။ ထို့ကြောင့် (goes = သွားသည်) သည် ကြိယာဖြစ်သည်။

– Maung Aung **is** a student.

(ဤဥပမာ၌ (is=ဖြစ်သည်) ဟူသောပုဒ်က မောင်အောင် ကျောင်းသား ဖြစ်ခြင်းကိုပြသည်။ ထိုသို့ ဖြစ်ခြင်းကိုပြသည့်ပုဒ်ကို ကြိယာဟုခေါ်တယ်။ ထို့ကြောင့် (is = ဖြစ်သည်) သည် ကြိယာဖြစ်တယ်။

– U Ba **has** a car.

ဤဥပမာတွင် (has=ရှိသည်)ဟူသောပုဒ်က ဦးဘမှာ ကားရှိခြင်းကို ပြသည်။ ထိုသို့ရှိခြင်းကို ပြသည့်ပုဒ်ကို ကြိယာဟုခေါ်တယ်။ ထို့ကြောင့် (has = ရှိသည်) သည် ကြိယာဖြစ်တယ်။

**ကြိယာနှစ်မျိုး**

**Two kinds of Verb**

အင်္ဂလိပ်ဘာသာမှာ ကြိယာကို (၂) မျိုး ခွဲခြားထားတယ်။

(၁) Principal / Main Verb (အဓိကကြိယာ)

(၂) Auxiliary/ Helping Verb (အကူကြိယာ) တို့ ဖြစ်ကြတယ်။

အဓိက ကြိယာဆိုတာကတော့ ဝါကျတစ်ကြောင်းမှာ မပါမဖြစ် ပါဝင်ရတဲ့ ကြိယာအမျိုးအစားမို့လို့ သူ့ကို အဓိကကြိယာလို့ ခေါ်တယ်။ တဖန် ဒီအဓိက ကြိယာကို (၂) မျိုး ထပ်မံခွဲခြားပြန်သေးတယ်။ အဲဒါကတော့ –

(၁) Transitive Verb (ကံလိုကြိယာ)

(၂) Intransitive Verb (ကံမလိုကြိယာ)လို့ ခေါ်ကြတယ်။

ကံလိုကြိယာဆိုတာကတော့ ဒီအမျိုးအစားကို ဝါကျထဲမှာ ထည့်သုံးရင် ၎င်းနောက်က ကံတစ်မျိုးမျိုး မုချ ထည့်ပေးရတယ်။

(ဥပမာ) – **You learn English.**

vt O

- She **cooks the rice**.



- **I drink milk.**
- They **buy** a **pen**.
- He **steals** my **book**.

ကံမလိုကြိယာဆိုတာကတော့ ၎င်းဘာသာ အဓိပ္ပာယ်ပြည့်စုံနေတတ်ပြီး Fulls stop ချလိုက ချနိုင်တယ်။ မချလို့ရှေ့ဆက်ရေးရင် (ဝိဘတ်) တစ်လုံးလုံး ခံပြီးမှ ဆက်သုံးရတယ်။

(ဥပမာ) - The birds **fly**.

Vi

- The boys **swim**.
- He **runs**.
- The birds **fly** in the sky.
- The boys **swim** in the lake.
- He **runs** into the room.

၎င်းအပြင် ဒီအဓိက ကြိယာ (၂) မျိုးတိုင်းမှာ form ခေါ်တဲ့ (ပုံစံ) (၅) မျိုးစီ ရှိကြပြန်တယ်။ ၎င်းပုံစံ (၅) မျိုးကို ဖော်ပြလိုတဲ့ အချိန်ကာလအလျောက် သင့်တော်သည့် ကြိယာပုံစံကို သုံးစွဲမှ မှန်ကန်မှုရှိတယ်။

ဒီ (vt)နှင့် (vi)အဓိကကြိယာ (၅)မျိုးကို အင်္ဂလိပ်စာပေမှာ အောက်ပါအတိုင်း ခေါ်လေ့ရှိတယ်။

၁။ Stem Verb/ Infinitive Verb

၂။ Present Verb

၃။ Past Verb

၄။ Past Participle Verb

၅။ Present Participle Verb

အချို့ပညာရှင်များကလည်း လေ့လာရာမှာ လွယ်ကူအောင်လို့ အထက်ပါ နာမည်ရှည်တွေကို မသုံးဘဲ ($V_1, V_2, V_3, V_4, V_5$) ဟူ၍လည်း ခေါ်ဝေါ်သုံးစွဲကြပြန်တယ်။ မည်သို့ပင်ခေါ်ခေါ် အခေါ်အဝေါ်ဟာ ပညတ်ခေါ် (သတ်မှတ်ချက်) သာ ဖြစ်တာကြောင့် အငြင်းပွားစရာမလိုပဲ ကြိုက်သလို ခေါ်ဝေါ်နိုင်ပါတယ်။ အရေးကြီးတာက သုံးစွဲမှုမှန်ကန်ဖို့သာ အဓိကဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

(ဥပမာ)

| Stem/ Infinitive | Present | Past | PastParticiple | Present Participle |
|---|---|---|---|---|
| $V_1$ | $V_2$ | $V_3$ | $C_4$ | $V_5$ |
| - go | goes | went | gone | going |
| - come | comes | came | come | coming |
| - eat | eats | ate | eaten | eating |
| - cut | cuts | cut | cut | cutting |
| - take | takes | took | taken | taking |

အဓိကကြိယာတစ်လုံးကို တွေ့တိုင်း အဘိဓာန်အကူအညီနဲ့ အထက်ပါပုံစံ (၅) မျိုးကို အမြဲအရ လေ့လာကျက်မှတ်ထားဖို့ လိုပါတယ်။ အသုံးအစွဲအနေနဲ့ ($V_1$, $V_2$, $V_3$) တို့ကိုသာ Real Verb ခေါ် (ကြိယာစစ်စစ်)အဖြစ် အသုံးချနိုင်ပြီး ($V_4$)နှင့် ($V_5$) ကိုမူ ကြိယာမှ ဆင်းသက်လာသည့် (နာမဝိသေသန)များ အဖြစ် ပြောင်းလဲ သုံးစွဲနိုင်ပါတယ်။

အဓိကကြိယာသည် အင်္ဂလိပ်စာပေ၏ အသည်းနှလုံးသဖွယ် ဖြစ်သည့်အတွက် လူသုံးအများဆုံး ကြိယာများကို လေ့လာကျက်မှတ်ထားအပ်ပေတယ်။

Auxiliary သို့မဟုတ် Helping Verbလို့ခေါ်တဲ့ (အကူကြိယာ) ဆိုတာကတော့ အင်္ဂလိပ်ဘာသာမှာ သီးခြားသတ်သတ် အသုံးမပြုနိုင်ဘူး၊ ချွင်းချက်အချို့ကလွဲရင် အကူကြိယာကို အဓိကကြိယာဖြစ်လာစေရန် (နာမဝိသေသန) ရှေ့က ပေါင်းစပ်သုံးရတတ်သည့် ကြိယာမျိုးဖြစ်ပါတယ်။ တနည်းအားဖြင့် (နာမဝိသေသန)ကို (အဓိကကြိယာ)ဖြစ်လာစေရန် ထိုနာမဝိသေသနရှေ့က ပေါင်းစပ်ကူညီပေးတဲ့ ကြိယာမျိုးကို အကူကြိယာလို့ ခေါ်တယ်။ ပုံသေနည်းနဲ့ ပြရင်-

(Helping Verb + Adjective = Main Verb) ဟူ၍ ဖြစ်တယ်။

(ဥပမာ) - Maung Hla is writing a letter.

Hv Adj

MV

- He is clever.

Hv Adj

MV



အကူကြိယာကို အဓိကအားဖြင့် အုပ်စု (၃) စု ခွဲခြားထားတယ်။

1. Simple Helping Verb (ရိုးရိုးအကူကြိယာ)
2. Phrasal/ Special Helping Verb (အစုလိုက်/ အထူးအကူကြိယာ)
3. Peculiar Helping Verb (အထူးအဆန်း အကူကြိယာ)

Simple Helping Verbထဲမှာ ထပ်မံပြီး အမျိုးအစား (၄)မျိုး ခွဲခြားထားပြန်သေးတယ်။

(a) Verb to be (be, being, been, am, is, are, was, were)

(b) Verb to do ( do, does, did)

(c) Verb to have (have, has, had)

(d) Modal Helping Verb (shall, should, will, would, can, could, may, might, must, ....etc.)

Phasal/ Special Helping Verb မှာ ပါဝင်တဲ့ အကူကြိယာတွေကတော့ တစ်လုံးမကတဲ့ အတွဲလိုက်တွေ ဖြစ်တယ်။

(ဥပမာ) - is able to (... နိုင်သည်)

- is about to (... တော့မလို့/... တော့မည့်ဆဲဆဲ)
- is going to (... လိမ့်မည်)
- is to (... ရမည်/... ရန်ရှိသည်)
- have to (... ဖို့လိုသည်/... စရာရှိသည်)
- want to (... ချင်သည်)
- want (obj) to (... ကို ... စေချင်သည်)
- let (obj) (... ကို ... ခွင့်ပေးသည်)
- make (obj) (... ကို ... နိုင်းသည်)
- seem to (... ဟန်ရှိသည်/... ပုံ ပေါ်သည်)
- make (obj) (Adj) (... ကို ... အောင်လုပ်သည်)

အထက်ပါအစုလိုက်၊ အတွဲလိုက် အကူကြိယာတွေကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အချိန်ကာလတွေပေါ်မူတည်ပြီး ၎င်းကဏ္ဍအနည်းအများပေါ် မူတည်၍ ၎င်းအရှေ့စာလုံးများ ဖြစ်ကြသော (is, have, want, let, make, seem) တို့ကို ပြုပြင်သုံးစွဲရတယ်။

Peculiar Helping Verb ဆိုတာကတော့ မူလစာလုံးပေါင်း ပုံစံကို ကြည့်ရင် အဓိကကြိယာလိုပါပဲ။ ဒါပေမယ့် ၎င်းတို့ကို အကူကြိယာလိုမျိုး

www.burmeseclassic.com

www.burmeseclassic.com



အသုံးချပြီး နောက်က (နာမဝိသေသန) တစ်လုံးလုံး ကပ်လိုက်ပေးပြီး သုံးရတဲ့အတွက် (အထူးအဆန်းအကူကြိယာ) လို့ ခေါ်လိုက်တာပါ။

ဒီအမျိုးအစားကိုလဲ အုပ်စု (၂) စု ခွဲခြားသိရှိထားသင့်တယ်။ ဒါမှဝါကျအတွင်း ထည့်သွင်းသုံးစွဲရာမှာ မှန်ကန်ပေလိမ့်မယ်။

အုပ်စု (၁) (is, become, get, go, grow, look, seem, feel)

အုပ်စု (၂) (make, see, find, keep, hear, watch)

(ဥပမာ)
- is + fat = — is fat = ဝသည်၊
- become + fat = – became fat = ဝလာသည်၊
- get + fat = – get fat = ဝသည်
- go + fat = – go fat = ဝသွားသည်၊
- grow + fat = – grow fat = ဝလာသည်
- look + fat = – look fat = ဝပုံပေါ်သည် (အသွင်သဏ္ဌာန်)
- seem + happy = – seem happy = ပျော်ပုံပေါ်သည် (စိတ်သဏ္ဌာန်)
- feel + happy = – feel happy = ပျော်ရွှင်သည် (စိတ်သဏ္ဌာန်)
- make (obj) + ($v_1$/ Adj) = ....... လုပ်သည်၊
- see (obj) + ($v_1$/ Adj) = ...... တွေ့သည်၊
- find (obj) + ($v_1$/ Adj) = ...... တွေ့သည်၊
- keep (obj) + ($v_1$/ Adj) = ...... ထိန်းသိမ်းသည်/ စောင့်ရှောက်သည်၊
- hear (obj) + ($v_1$/ Adj) = ...... ကြားသည်၊
- watch (obj) + ($v_1$/ Adj) = ...... စောင့်ကြည့်သည်၊

(ဥပမာ)
- make him **jump** = သူ့ကို ခုန်အောင်လုပ်သည်။
  $v_1$
- make him **fat** = သူ့ကို ဝအောင်လုပ်သည်။
  Adj
- make him **jumping** = သူ့ကို ခုန်နေအောင်လုပ်သည်။
  Adj
- make him **punished** = သူ့ကို အပြစ်ပေးခံရအောင်လုပ်သည်။
  Adj



**မှတ်ချက်။** ကြိယာ အခန်းသည် ကျယ်ပြောလှသည်။ ယခု အထက်ဖော်ပြချက်တို့မှာ လုံးဝပြီးပြည့်စုံသည့်အဆင့်သို့ မရောက်ရှိပါ။ သို့သော် သိရန်အလိုအပ်ဆုံးနှင့် အသုံးချမှုအများဆုံး အချက်တို့ကိုသာ ရွေးချယ်ဖော်ပြခြင်းသာ ဖြစ်ပါသည်။ ဒီထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိလိုပါက စာရေးသူ၏ (အင်္ဂလိပ်ဘာသာ၏ အသည်းနှလုံးကြီးဟာအသုံး) စာအုပ်တွင် ကြည့်ရှုလေ့လာပါရန် အကြံပြု တိုက်တွန်းအပ်ပါသည်။

## ၅။ Adverb (ကြိယာဝိသေသန)

ကြိယာဝိသေသနဆိုတာ ကြိယာ၏အဓိပ္ပာယ်ကို ဖြစ်စေ၊ နာမဝိသေသန တစ်လုံးရဲ့ အဓိပ္ပာယ်ကိုဖြစ်စေ၊ အခြားသော ကြိယာဝိသေသနတစ်လုံးရဲ့ အဓိပ္ပာယ်ကို ဖြစ်စေ အထူးပြု အကျယ်ချဲ့ဖော်ပြပေးသော စကားလုံးမျိုး ဖြစ်တယ်။ (An Adverb is a word which modifies the meaning of a Verb, an Adjective or another Adverb.)

(ဥပမာ)
- Mg Hla <u>runs</u> <u>quickly</u>.
  V Adj
  (မောင်လှ မြန်မြန်ပြေးတယ်။)
- This is a <u>very</u> <u>sweet</u> mango.
  Adv Adj
  (ဒါဟာ သိပ်ချိုတဲ့သရက်သီး ဖြစ်တယ်။)
- Mya Mya reads <u>quite</u> <u>clearly</u>.
  Adv Adv
  (မြမြဟာ အလွန်ရှင်းရှင်းလင်းလင်း စာဖတ်တယ်။)

အင်္ဂလိပ်ဘာသာမှာ ကြိယာဝိသေသနအမျိုးအစားတွေဟာ အလွန်များပြားလှတယ်။ အမျိုးအစားများသလောက် အသုံးချပုံတွေကလည်း အမျိုးမျိုး ရှိကြတယ်။ စကားလုံးတစ်လုံးကိုတွေ့ရင် (ကြိယာဝိသေသန) လို့ ပိုင်ပိုင်သိအောင် လုပ်ရလိမ့်မယ်။ ကြိယာဝိသေသနဖြစ်ကြောင်း သိရှိပြီးရင် အောက်ပါအမျိုးအစားများအရ ခွဲခြားပြီး သုံးတတ်ရမယ်။ ဒါမှအမှန်သုံးနိုင်တာ ဖြစ်မယ်။

အင်္ဂလိပ်စာပေမှာ ကြိယာဝိသေသန အမျိုးအစားပေါင်း (၁၁)မျိုး ရှိကြတယ်။

**(၁) Sentence Adverb (ဝါကျရှေ့က ကြိယာဝိသေသန)**
- **Probably** he is mistaken. (သူမှားတာ ဖြစ်ကောင်း ဖြစ်မယ်။)
- **Possibly** it is as you say. (မင်းပြောသလို ဖြစ်နိုင်တယ်။)

www.burmeseclassic.com

www.burmeseclassic.com

- **Evidently** the figures are incorect.
  (တွက်ချက်ထားတဲ့ ကိန်းဂဏန်းတွေဟာ မမှန်ကန်တာ ထင်ရှားတယ်။)
- **Unfortunately** he failed in his examination.
  (ကံမကောင်းလို့ သူစာမေးပွဲရှုံးသွားတယ်။)
- **Luckily** he escaped unhurt.
  (ကံကောင်းလို့ သူ ထိခိုက်နာကျင်မှုမှ လွတ်မြောက်သွားတယ်။)

### (၂) Frequency Adverb (1) (မတိကျအကြိမ်ပြ ကြိယာဝိသေသန)

ဤအမျိုးအစားသည် ဘယ်နှစ်ကြိမ်ပြုကြောင်း၊ ဖြစ်ကြောင်း တိတိကျကျ မဖော်ပြပဲ အကြမ်းမျှ သို့မဟုတ် ယေဘုယျသာ ဖော်ပြနိုင်တဲ့အတွက် ယင်းတို့ကို မတိကျအကြိမ်ပြ ကြိယာဝိသေသနလို့ ခေါ်ဆိုခြင်း ဖြစ်တယ်။

ယင်းတို့ကို ဝါကျအတွင်းထည့်သုံးရာမှာ (ကတ္တား) ၏နောက်၊ (ကြိယာ) ၏ ရှေ့တွင် ထားသုံးရတယ်။ (အကူကြိယာ) ပါရင် အကူကြိယာနဲ့ အဓိက ကြိယာဖြစ်လာမယ့် (နာမဝိသေသန) တို့ကြားမှာ ထားသုံးရတယ်။

ဤအမျိုးအစားမှာ ပါဝင်သောစကားလုံးများက အောက်ပါတို့ဖြစ်ကြတယ်။

- after = မကြာခဏ
- never = ဘယ်တော့မှ မ ...ဘူး
- always = အမြဲတမ်း
- sometimes = တစ်ခါတရံ
- generally = အများအားဖြင့်
- just = ယခုကလေးတင်
- already = ..... နှင့်ပြီ
- occationally = အခါအားလျော်စွာ
- almost = နီးပါး
- nearly = နီးပါး
- hardly =
- scarcely = ...ခဲ့သည်
- seldom =
- ever = အမြဲတမ်း/ အစဉ်
- frequently = မကြာခဏ
- nearly always = အမြဲတမ်းလိုလို



(ဥပမာ) - He **often makes** mistakes.
F1 V
(သူဟာမကြာခဏ အမှားတွေ လုပ်တတ်တယ်။)
- I **have already done** my homework.
HV F1 Adj
(ကျွန်တော်အိမ်စာတွေ လုပ်ပြီးနှင့်ပြီ။)

### (၃) Frequency Adverb (2) (တိကျအကြိမ်ပြ ကြိယာဝိသေသန)

ကြိယာ၏ အဓိပ္ပာယ်က ဘယ်နှစ်ကြိမ်ပြုတယ်၊ ဘယ်နှစ်ကြိမ်ဖြစ်တယ်လို့ အကြိမ်အရေအတွက်ကို တိကျ၍ သချာဆန်စွာ ဖော်ပြလေ့ရှိသော ကြိယာဝိသေသနများကို တိကျအကြိမ်ပြ ကြိယာဝိသေသနလို့ ခေါ်တယ်။ ဒီအမျိုးအစားကို အများအားဖြင့် ဝါကျ၏နောက်ပိုင်းတွင် ထားသုံးလေ့ရှိတယ်။

(ဥပမာ) - one, two, three, four, ....etcs.(တစ်,နှစ်,သုံး,လေး စသည်ဖြင့်)
- once, twice, thrice, fourth ...etc.
  (တစ်ကြိမ်, နှစ်ကြိမ်, သုံးကြိမ်, လေးကြိမ် စသဖြင့်)
- three times a day = တစ်ရက်သုံးကြိမ်
- every other day = တစ်ရက်ခြား
- every two days = နှစ်ရက်ခြား
- I go to the Shewedagon Pagoda **once a week**.
  (ကျွန်တော်သည် ရွှေတိဂုံဘုရားသို့ တစ်ပတ်တစ်ကြိမ်သွားလေ့ရှိသည်)
- Mother wants plants **every other day**.
  (အမေဟာ အပင်တွေကို တစ်ရက်ခြား ရေလောင်းလေ့ရှိသည်။)

### (၄) Place Adverb (နေရာပြ ကြိယာဝိသေသန)

နေရာဒေသကို ဖော်ပြသည့် အဓိပ္ပာယ်ရှိသော ကြိယာဝိသေသနမျိုးကို နေရာပြ ကြိယာဝိသေသနလို့ ခေါ်တယ်။

ယင်းတို့ကို ဝါကျထဲထည့်သုံးမယ်ဆိုရင် Main Verb ခေါ် အဓိကကြိယာ၏ အဓိပ္ပာယ်ကို ကြည့်ရတယ်။ အဓိကကြိယာ၏ အဓိပ္ပာယ်က ခရီးသွားလာလှုပ်ရှားမှုနှင့် ပတ်သတ်နေလျှင် ဤအမျိုးအစားကို ထိုကြိယာ နောက်က ကပ်လျက် သုံးရတယ်။

အကယ်၍ ကြိယာ၏ အဓိပ္ပာယ်က ခရီးသွားလာမှုနှင့် မဆိုင်လျှင် ဟန်အမူအရာပြ ကြိယာဝိသေသနလည်း ပါလာပါက ယင်းကို ကြိယာနောက်က

www.burmeseclassic.com

www.burmeseclassic.com



ကပ် ထားရပြီး နေရာပြ ကြိယာဝိသေသနကို ဟန်အမူအရာပြ ကြိယာဝိသေသန နောက်က ဆက်ပြီးထားရတယ်။

နေရာပြ ကြိယာဝိသေသနဆိုတာ တစ်လုံးချင်းသော်လည်းကောင်း၊ အစု အတွဲလိုက်သော်လည်းကောင်း ရှိနိုင်တယ်။ တစ်ခါတစ်ရံမှာ ယင်းတို့ကို ဝါကျ ရှေ့ဆုံးက ထားသုံးရတာလည်း ရှိနိုင်တယ်။

(ဥပမာ) – here (ဒီမှာ) – somenhere (တစ်နေရာမှာ)
- there (ဟိုမှာ) – everywhere (နေရာတကာမှာ)
- over here (ဟောဒီမှာ) – up (အပေါ်မှာ)
- overthere (ဟော့ဟိုမှာ – down (အောက်မှာ)
- in the class (အတန်းထဲမှာ)
- to school (ကျောင်းသို့)
- under a tree (သစ်ပင်အောက်မှာ)
- Everday he comes here. (နေ့တိုင်း သူဒီကိုလာတယ်။)
  V P
- I go to school. (ကျွန်တော် ကျောင်းသို့သွားတယ်။)
  V P
- The boys are playing under a tree.
  V P
  (ကောင်လေးတွေ သစ်ပင်အောက်မှာ ကစားနေကြတယ်။)
- She is sleeping soundly in the room.
  V M P
  (သူမဟာ အခန်းထဲမှာ နှစ်နှစ်ခြိုက်ခြိုက်အိပ်နေတယ်။)

## (၅) Manner Adverb (အမူအရာပြ ကြိယာဝိသေသန)

ကြိယာ၏အဓိပ္ပာယ်ကို ဘယ်လိုပြုလုပ်ကြောင်း၊ ဘယ်လိုဖြစ်ပျက်ကြောင်း ဖော်ပြတဲ့ အမျိုးအစားကို ဟန်အမူအရာပြ ကြိယာဝိသေသနလို့ ခေါ်တယ်။ တစ်နည်းအားဖြင့် ကြိယာ၏ အဓိပ္ပာယ်ကို (How=ဘယ်လို) ဟူသောမေးခွန်း ဖြင့် မေး၍ရရှိသော အဖြေကို ဟန်အမူအရာပြ ကြိယာဝိသေသနလို့ ခေါ်တယ်။

၎င်းအမျိုးအစားကို အများအားဖြင့် ကြိယာပေါ်မှာ မူတည်၍ ဝါကျအတွင်း တွင် ထားသုံးရတယ်။ ကြိယာက (ကံလိုကြိယာ) ဆိုရင် (ကံပုဒ်) နောက်က ထားရတယ်။ အကယ်၍ ဝါကျ၏ အမျိုးအစားက Passive Voice Sentence



ခေါ် (ကံပထမဝါကျ) အမျိုးအစားဖြစ်ပါက (အကူကြိယာ)နှင့် အဓိကကြိယာ ဖြစ်လာမယ့် (နာမဝိသေသန) တို့ ကြားမှာ ထားရတယ်။

တဖန် နေရာပြကြိယာဝိသေသနပါ တွဲဖက်ပါလာပါက ကြိယာ၏အဓိပ္ပာယ် ကို ကြည့်ပြီး ရှေ့နောက် လိုသလို သုံးရတယ်။

(ဥပမာ) – clearly (ရှင်းရှင်းလင်းလင်း)
- bravely (ရဲရင့်စွာ)
- soundly (နှစ်ခြိုက်စွာ)
- well (ကောင်းစွာ)
- hard (ပြင်းထန်စွာ/ ခက်ခဲစွာ)
- in a brave manner (ရဲရဲရင့်ရင့်)
- without wisdom (ဉာဏ်မရှိပဲ)
- with swiftness (လျှင်မြန်စွာ)
- by bus (ဘတ်စ်ကားဖြင့်)
- in a beautiful style (လှလှပပ)
- The girls read clearly.
  Vi M
  (မိန်းကလေးတွေ ရှင်းရှင်းလင်းလင်း စာဖတ်တယ်)
- The soldies fought bravely.
  Vi M
  (စစ်သားများ ရဲရင့်စွာ တိုက်ခိုက်ခဲ့ကြတယ်။)
- He killed the snake cruely.
  Vi M
  (သူဟာ ဒီမြွေကို ရက်စက်စွာ သတ်ခဲ့တယ်။)
- This work is easily done. (pvs)
  Hv M Adj
  (ဒီအလုပ်ကို လွယ်ကူစွာ လုပ်လိုက်တယ်။)
- U Ba went to Japan secretly.
  v P M.
  (ဦးဘဟာ ဂျပန်ပြည်သို့ လျှို့ဝှက်စွာ သွားခဲ့တယ်။)

www.burmeseclassic.com

www.burmeseclassic.com



– Mg Hla is sleeping soundly in the room.

V M P

(မောင်လှဟာ အခန်းထဲမှာ နှစ်ခြိုက်စွာ အိပ်နေတယ်။)

## (၆) Time Adverb (အချိန်ပြကြိယာ ဝိသေသန)

အချိန်၏ အဓိပ္ပာယ်ကို ဖော်ဆောင်သော ကြိယာဝိသေသနမျိုးကို အချိန်ပြကြိယာဝိသေသနလို့ ခေါ်တယ်။

ယင်းတို့ကို ဝါကျ၏ ရှေ့ဆုံး၊ နောက်ဆုံးနှင့် အလယ်တစ်နေရာရာမှာ ထားသုံးလေ့ရှိတယ်။ Single Time Adverb ခေါ် (တစ်လုံးချင်း အချိန်ပြကြိယာဝိသေသန) ဆိုရင် အများအားဖြင့် ဝါကျ၏ရှေ့ဆုံးက ထားသုံးလေ့ရှိတယ်။ Phrasal Time Adverb ခေါ် (အစုလိုက် အချိန်ပြကြိယာဝိသေသန) ဆိုရင် အများအားဖြင့် ဝါကျ၏ နောက်ဆုံးမှာ ထားသုံးလေ့ရှိတယ်။ အချို့ကာလပေါ် အရေးအသားတွေမှာ ဝါကျ၏အတွင်း တစ်နေရာရာဖြစ်သော အကြောင်းအကျိုးပြကြိယာဝိသေသန ရှေ့က ထားသုံးကြသေးတယ်။

(ဥပမာ)

| | |
|---|---|
| – today (ဒီနေ့) | – in 1960 (၁၉၆၀–ခုနှစ်က) |
| – tomorrow (နက်ဖြန်) | – in July (ဇူလိုင်လမှာ) |
| – yesterday (မနေ့က) | – in Summer (နွေရာသီမှာ) |
| – now (ယခု) | – on Sunday (တနင်္ဂနွေနေ့မှာ) |
| – ago (လွန်ခဲ့သောကာလ) | – during the winter (ဆောင်းရာသီအတွင်းမှာ) |
| – soon (မကြာမီ) | – in the morning (နံနက်ပိုင်းမှာ) |
| – daily (နေ့စဉ်) | – all the night (တစ်ညလုံး) |

– Yestarday I met my friend.

T

(မနေ့က ငါဟာ ငါ့သူငယ်ချင်းကို တွေ့ခဲ့တယ်။)

– I will see you on Sunday.

T

(ငါ မင်းကို တနင်္ဂနွေနေ့မှာ တွေ့မယ်။)

– U Hla went to Manila in 1980 to attend the meeting.

(ဦးလှဟာ ၁၉၈၀ –ခုနှစ်က စည်းဝေးပွဲတက်ရန် မနီလာမြို့သို့ သွားခဲ့တယ်။)



## (၇) Reason Adverb (အကြောင်းပြကြိယာဝိသေသန)

ကြိယာ၏အဓိပ္ပာယ်ကို ဘာကြောင့် ပြုမူကြောင်း ဘာကြောင့် ဖြစ်ပျက်ကြောင်း ဖော်ပြသော ကြိယာဝိသေသနမျိုးကို အကြောင်းပြကြိယာဝိသေသနလို့ခေါ်တယ်။ တစ်နည်းအားဖြင့် ကြိယာ၏အဓိပ္ပာယ်ကို (why=ဘာကြောင့်) ဟူသော မေးခွန်းဖြင့် မေး၍ ရလာသောအဖြေဟာ (အကြောင်းပြ ကြိယာဝိသေသန) ဖြစ်တယ်။

ဤအမျိုးအစားကို အများအားဖြင့် ဝါကျနောက်ဆုံးပိုင်းမှာ ထားသုံးလေ့ရှိတယ်။ သို့သော် တစ်ခါတစ်ရံမှာလည်း ဝါကျရှေ့ဆုံးမှာ ထားသုံးနိုင်ပါတယ်။ ဤအမျိုးအစားဟာ များသောအားဖြင့် single word ခေါ် (လုံးချင်းစကားလုံး) အမျိုးအစားထက် Phrasal word ခေါ် (အစုလိုက်/ အတွဲလိုက်စကားလုံး) မျိုးဖြစ်တာ များပါတယ်။ ဒါမှလဲ အကြောင်းပြမှု ပြည့်စုံမှာဖြစ်တယ်။

(ဥပမာ) – threfore (ထို့ကြောင့်)
– so (ထို့ကြောင့်)
– for (... ကြောင့်)
– hence (သို့ပါ၍)
– to (... ရန်/ ... ဖို့)

– Therefore he left school.

R

ထို့ကြောင့် သူ ကျောင်း ထွက်ခဲ့တယ်။

– He therefore left school.

R

ထို့ကြောင့် သူ ကျောင်းထွက်ခဲ့တယ်။

– Hence he is unable to refute the charge.

R

သို့ပါ၍ သူသည် စွဲဆိုချက်ကို မငြင်းဆိုနိုင်ပါ။

– He is hence unable to refute the charge.

R

သို့ပါ၍ သူသည် စွဲဆိုချက်ကို မငြင်းဆိုနိုင်ပါ။

– U Ba went to London to attend the meeting.

R

ဦးဘသည် စည်းဝေးပွဲတက်ရန် လန်ဒန်သို့ သွားခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



## (၈) Degree/ Quantity Adverb

**ဂုဏ်ရည်အဆင့်အတန်းပြ/**

**မတိကျအရေအတွက် အဆင့်အတန်းပြ ကြိယာဝိသေသန**

ကြိယာ၏ အဓိပ္ပာယ်ကို ပိုမြင့်ခြင်း၊ ပိုနိမ့်ခြင်း (သို့မဟုတ်) ကြိယာ၏ အဓိပ္ပာယ်ကို (How much = ဘယ်လောက်) မတိကျသည့် အဆင့်အတန်းမြင့်ခြင်း၊ နိမ့်ခြင်းကို ဖော်ပြသော ကြိယာဝိသေသနမျိုးကို ဂုဏ်ရည်အဆင့်အတန်းပြ (သို့မဟုတ်) မတိကျအရေအတွက် အဆင့်အတန်းပြ ကြိယာဝိသေသနလို့ ခေါ်တယ်။

ဤအမျိုးအစားဟာ အများအားဖြင့် Single word ခေါ်(လုံးချင်းစကားလုံး) မျိုးသာ ရှိကြတယ်။ ယင်းတို့ကို အထူးပြုလိုသော (ကြိယာ)၊ (နာမဝိသေသန) နှင့် (ကြိယာဝိသေသန) တို့၏ ရှေ့ကထား သုံးကြရတယ်။

(ဥပမာ)
- too (သိပ်/လွန်း)
- very (အလွန်)
- so (အတော်/သိပ်)
- almost (လုနီးနီး)
- fully (ပြည့်ပြည့်စုံစုံ/ကောင်းကောင်းပြီး)
- enough (လောက်သည်)
- quite (အတော့်ကို)
- altogether (လုံးလုံးလျားလျား)
- as **tall** as (... လောက် အရပ်ရှည်သည်။)
- no (ပိုမဖြစ်/ ပိုမပြု)
- nather (အတော်ကလေး)
- pretty (အတော်ကလေး)
- partling (တစ်ပိုင်းဖြစ်သည်)
- any (ဘယ်လောက်များ)

- Mg Hla was too careless.
  (မောင်လှဟာ ဂရုမစိုက်လွန်းအားကြီးတယ်။)
- These mangoes are almost ripe.
  (ဒီသရက်သီးတွေဟာ မှည့်လုနီးပါး ဖြစ်နေပြီ။)
- He is altogether mistaken. (သူ လုံးလုံးလျားလျားမှားတယ်။)
- I am so glad. (ကျွန်တော် အတော်ဝမ်းသာတယ်။)
- Mg Mg is no better than others.
  (မောင်မောင်ဟာ အခြားသူတွေထက် ပိုမကောင်းပါဘူး။)
- She is pretty good at sewing
  (သူမဟာ စက်ချုပ်ရာမှာ အတော်ကလေး တော်တယ်။)



- I am rather busy now.
  (ကျွန်တော် အခု အတော်ကလေး အလုပ်ရှုပ်နေတယ်။)
- He was partly right. (သူဟာ တစ်စိတ်တစ်ပိုင်းတော့ မှန်တယ်။)
- Is that any better? (အဲ့ဒါဘယ်လောက်များပိုကောင်းသလဲ။)
- He is as tall as Mg Hla .
  (သူဟာ မောင်လှလောက် အရပ်ရှည်တယ်။)

## (၉) Relative Adverb (ပုဒ်ဆက်ကြိယာဝိသေသန)

ပုဒ်တစ်ခုနှင့် တစ်ခု မည်ကဲ့သို့ ပတ်သက်စပ်ဆိုင်ကြောင်း ချိတ်ဆက်ဖော်ပြရာ၌ အသုံးပြုရသော ကြိယာဝိသေသနမျိုးကို (ပုဒ်ဆက်ကြိယာဝိသေသန) လို့ ခေါ်တယ်။

ဤအမျိုးအစားတွင် ပါဝင်သော စကားလုံးများမှာ–
- when (သော/သည့်) အချိန်အတွက် ဆက်ရသည်။
- where (သော/သည့်) နေရာအတွက် ဆက်ရသည်။
- why (သော/သည့်) အကြောင်းပြအတွက် ဆက်ရသည်။ --- တို့ ဖြစ်ကြသည်။

ယင်းစကားလုံးတို့ကို Simple Sentence ခေါ် (ရိုးရိုးဝါကျ) တစ်ကြောင်း၏ အရှေ့က ထားသုံးခြင်းဖြင့် ဤစကားလုံးများပါဝင်သော ပုဒ်နှင့် ၎င်းရှေ့က ကပ်လျက် ပုဒ်တို့သည် ဆက်စပ်မှုရှိသွားပေသည်။ တစ်နည်းအားဖြင့် ပုဒ်ချင်း ဆက်စပ်သွားပေသည်။

(ဥပမာ)
- This is the town where we live.
  (ဒါဟာ ငါတို့နေတဲ့မြို့ ဖြစ်တယ်။)
- I know the time when she came home.
  (ငါဟာ သူမပြန်လာတဲ့အချိန်ကို သိတယ်။)
- That is the reason why he was ill.
  (ဒါဟာ သူဖျားရတဲ့အကြောင်း ဖြစ်တယ်။)

**မှတ်ချက်။**

ပုဒ်ဆက်ကြိယာဝိသေသနတို့သည် (ကြိယာဝိသေသန) အလုပ်ကို လုပ်သလို (အဆက်စကား) အလုပ်ကိုလည်း လုပ်ပေတယ်။ ပုဒ်ဆက်ကြိယာဝိသေသနအဖြစ် အသုံးပြုရာမှာ Antecedent ခေါ် ရှေ့စကားကို မြှုပ်၍လည်း အသုံးပြု ရေးသားနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



(ဥပမာ) - This is where we live.
- I know when she came home.
- That is why he was ill.

**(၁၀) Interrogative Adverb (အမေးကြိယာဝိသေသန)**

မေးခွန်းဝါကျဖွဲ့စည်းရာမှာအသုံးပြုရတဲ့ ကြိယာဝိသေသနမျိုးကို (အမေးကြိယာဝိသေသန)လို့ ခေါ်တယ်။

ယင်းတို့ကို အသုံးပြုလိုလျှင် မေးခွန်းဝါကျ၏ရှေ့ဆုံးကသာ ထားသုံးရတယ်။ ယင်းစကားလုံးများမှာ အောက်ပါတို့ ဖြစ်ကြတယ်။

- when (ဘယ်တော့) = အချိန်အတွက် မေးရသည်။
- where (ဘယ်မှာ) = နေရာအတွက် မေးရသည်။
- why ( ဘာကြောင့်) = အကြောင်းပြအတွက် မေးရသည်။
- How (ဘယ်လို) = ဟန်အမူအရာအတွက် မေးရသည်။

(ဥပမာ) - When did the plane arrive ?
(လေယာဉ်ဘယ်အချိန်က ဆိုက်ခဲ့တာလဲ။)
- Where do you live? (မင်း ဘယ်မှာနေသလဲ။)
- Why are you late? (မင်း ဘာကြောင့်နောက်ကျတာလဲ)
- How did you do it? (မင်း ဒါကို ဘယ်လိုလုပ်ခဲ့တာလဲ။)

**(၁၁) Affirmation and Negation Adverbs**
**(ဝန်ခံမှုနှင့် ငြင်းဆိုမှုပြ ကြိယာဝိသေသနများ)**

ဝန်ခံမှု (သို့မဟုတ်) ငြင်းဆိုမှုသဘောရှိသော ကြိယာဝိသေသနမျိုးကို (ဝန်ခံမှု သို့မဟုတ် ငြင်းဆိုမှုပြကြိယာဝိသေသန) လို့ ခေါ်တယ်။

ယင်းတို့ကို ဝါကျတွင်ထည့်သွင်းအသုံးပြုရာ၌ ဝါကျ၏ရှေ့ဆုံးကသော်လည်းကောင်း၊ ဝါကျရှိ အဓိကကြိယာ၏ရှေ့က ကပ်လျက်သော်လည်းကောင်း အသုံးပြုရတယ်။

ယင်းစကားလုံးအမျိုးအစားများမှာ အောက်ပါတို့ ဖြစ်ကြတယ်။

- Yes = ဟုတ်သည်။
- Surely = တကယ်ပဲ
- Certainly = အမှန်တကယ်
- No = မဟုတ်ပါ
- not = မ---ဘူး



(ဥပမာ) - **Yes, you are right.** (ဟုတ်တယ်၊ မင်းမှန်တယ်)
- **Surely you are mistaken.** (တကယ်ပဲ၊ မင်းမှားတယ်။)
- He **certainly** went. (သူအမှန်တကယ်ကို သွားပြီ)
- **No**, you are worng. (မဟုတ်ဘူး၊ မင်းမှားတယ်။)
- **I do not know him.** (ကျွန်တော်သူ့ကို မသိဘူး)

## ၄။ Preposition (ဝိဘတ်)

ဝိဘတ်ဆိုတာနာမ် (သို့မဟုတ်) နာမ်စားတစ်လုံးလုံး ရှေ့က ထားရပြီး ထိုနာမ် (သို့မဟုတ်) နာမ်စားတစ်လုံးနဲ့ အခြားသော လူ(သို့မဟုတ်) အရာဝတ္ထု (သို့မဟုတ်) အရာကိစ္စတို့ မည်ကဲ့သို့ ပတ်သက်စပ်ဆိုင်ကြောင်း ဖော်ပြပေးသော စကားလုံးမျိုးတယ်။

(A preposition is a word which placed before a Noun or a Pronoun to show in what relation the preson or thing denoted by it stands in regard to something else.)

(ဥပမာ) - There is a cow in the field
N prep N
(လယ်ကွင်းထဲမှာ နွားတစ်ကောင်ရှိတယ်။)

အထက်ပါ ဥပမာတွင် (နွား) နှင့် (လယ်ကွင်း) နှစ်ခုတို့ရဲ့ ဆက်စပ်မှု ပတ်သက်မှုကို (in) ဆိုသော ဝိဘတ်က ဖော်ပြတယ်။

- He is fond of tea. (သူ လက်ဖက်ကို နှစ်ခြိုက်တယ်။)

အထက်ပါ ဥပမာတွင် နာမဝိသေသနဖြစ်သော (နှစ်ခြိုက်သော) စကားလုံးနှင့် နာမ်ဖြစ်သော (လက်ဖက်ရည်) နှစ်ခုတို့ရဲ့ ဆက်စပ်ပတ်သတ်မှုကို (of) ဟူသော ဝိဘတ်က ဖော်ပြတယ်။

- The cat jumped off the chair.
v prep N
(ကြောင်သည် ကုလားထိုင်ပေါ်မှ ခုန်ဆင်းသွားတယ်။)

အထက်ပါ ဥပမာတွင် ကြိယာစကားလုံးဖြစ်သော (ခုန်သည်) နှင့် နာမ်စကားလုံးဖြစ်သော (ကုလားထိုင်) တို့၏ ပတ်သတ်ဆက်စပ်မှုကို (off) ဟူသော ဝိဘတ်က ဖော်ပြသည်။

အထက်ပါ ဥပမာများအရ (ဝိဘတ်)၏ အဓိပ္ပာယ်ကို အောက်ဖော်ပြပါ ပုံစံဇယားဖြင့် ရှင်းလင်းစွာသိရှိနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



$$\left[\begin{array}{c} \underline{N / Pron} \\ \underline{Adj} \\ V \end{array} \quad + Prep + N / Pron \right]$$

**Six Kind7s of Preposition (ဝိဘတ်ခြောက်မျိုး)**

အင်္ဂလိပ်ဘာသာရပ်မှာ ဝိဘတ်ဟာ အလွန် အရေးကြီးတယ်။ ပညာရှင်အများစုက ဝိဘတ်ကို အခက်ဆုံးကဏ္ဍလို့တောင် ခေါ်ဝေါ်သမုတ်ထားကြတယ်။ ဝိဘတ်နဲ့ ကင်းသောစာလို့ မရှိသလောက်ပါပဲ။ ဒါကြောင့် ဝိဘတ်ကဏ္ဍကို အထူးဂရု စိုက်လေ့လာမှတ်သားစေချင်တယ်။ သို့သော် ဒီစာအုပ်လောက်နဲ့တော့ မလုံလောက်နိုင်ပါ။ ဒီစာအုပ်က အင်္ဂလိပ်စကားလုံးတွေကို တွေ့ရှိကျက်မှတ်ရာမှာ စကားလုံးအမျိုးအစား ခွဲခြားနိုင်ရုံ၊ အခြေခံသုံးနိုင်ရုံလောက်ပဲ ဖော်ပြနိုင်ပါတယ်။ ဝိဘတ်အကြောင်း အကြွင်းမရှိ ပြည့်စုံစွာ သိရှိနားလည်သုံးတတ်လိုရင် စာရေးသူ၏ မကြာမီထွက်ရှိလာမယ့် (အင်္ဂလိပ်ဘာသာ၏ အခက်ဆုံးကဏ္ဍဝိဘတ်) ဆိုသော စာအုပ်ကို ဆက်လက် လေ့လာစေလိုပါတယ်။

အင်္ဂလိပ်ဘာသာမှာ ဝိဘတ်အမျိုးအစား (၆) မျိုးရှိပါတယ်။

**(၁) Simple/ Single Prepositions (ရိုးရိုး/လုံးချင်းဝိဘတ်များ)**

ရိုးရိုး (သို့မဟုတ်) လုံးချင်းဝိဘတ်များဟာ အင်္ဂလိပ်စာပေမှာ အခက်ဆုံး၊ အရှုပ်ဆုံး စကားလုံးအမျိုးအစားများဖြစ်ကြပါတယ်။ ဤအမျိုးအစားမှာ သဘောတရား (၂)ခု ရှိပါတယ်။

(a) General Meaning (ယေဘုယျ/ အထွေထွေ/ အကြမ်းအဓိပ္ပာယ်)

(b) Essential Meaning (အမှန်တကယ် လိုအပ်သောအဓိပ္ပာယ်)

အထက်ပါ သဘောတရားနှစ်ချက်ကို ပိုမိုရှင်းလင်းစေရန် အောက်ပါဇယားဖြင့် လေ့လာကြည့်နိုင်ပါတယ်။

| General Mearings | Essential Meanings |
|---|---|
| (၁) at = ၌,မှာ,တွင်,ဝယ် | (၁) at = တည့်မှန်ခြင်း၊<br>– ကြံစည်ရည်ရွယ်ခြင်း၊<br>– တွေ့ထိခြင်း၊<br>– နီးကပ်ခြင်း၊ |
| (၂) by = အနီးမှာ,အားဖြင့် | (၂) by = နီးခြင်းသဘောရှိခြင်း၊<br>– ပြုလုပ်ဆောင်ရွက်မှုသဘောရှိခြင်း၊ |



| General Mearings | Essential Meanings |
|---|---|
| (၃) of = ၏, မှ, အနက် | (၃) of = ထွက်ခြင်း၊ သဘောရှိခြင်း၊<br>စပ်ဆိုင်ခြင်း သဘောရှိခြင်း၊<br>ပိုင်ဆိုင်ခြင်း သဘောရှိခြင်း |

လုံးချင်းဝိဘတ်များကို General Meaning ခေါ် အကြမ်းဖျင်း အဓိပ္ပာယ်လောက်နှင့် ဝါကျများတွင် ထည့်သွင်းမသုံးစွဲနိုင်ပါ။ ၎င်းတို့အတွင်း အနှစ်သာရ အဓိပ္ပာယ်ကို ဖော်ဆောင်သော Essential Meaning အဖြစ် လေ့လာမွှားများအားထုတ်ထားမှသာ အသုံးပြုနိုင်မည် ဖြစ်သည်။

အင်္ဂလိပ်ဘာသာတွင် လုံးချင်းဝိဘတ်များမှာ အလုံးရေ (၆၀) ကျော်မျှရှိလေသည်။ ယင်းတို့အနက် လူသုံးများသည့် အောက်ဖော်ပြပါ ဝိဘတ်များကို အခြားသော ရည်ညွှန်းသဒ္ဒါစာအုပ်များတွင် ဆက်လက်လေ့လာသင့်ပါတယ်။

| | | | | |
|---|---|---|---|---|
| – at | - on | - about | - around | - inside |
| - by | - out | - above | - before | - outside |
| - for | - through | - across | - behind | - underneath |
| - from | - to | - along | - below | - within |
| - in | - up | - amidst | - beneath | - without |
| - of | - with | - among | - beside | |
| - off | - till | - amongst- beyond | | |

**(2) Phrasal Prepositions (အစုလိုက်/ အတွဲလိုက်ဝိဘတ်များ)**

ဤအမျိုးအစားတွင် ပါဝင်သော ဝိဘတ်များမှာ အနည်းဆုံး စကားလုံး (၂) လုံးဖြင့် ဖွဲ့စည်းထားပြီး အင်္ဂလိပ်ဘာသာတစ်ရပ်လုံးတွင် စုစုပေါင်း (၇၀) ကျော် ရှိပေသည်။ ယင်းတို့ကို မြန်မာရှုထောင့်မှ အသင့်တော်ဆုံး ဘာသာပြန်ဖြင့် တွဲမှတ်ပြီး ကျက်ထားသင့်ပေသည်။ အောက်တွင် လူသုံးအများဆုံး အစုလိုက် ဝိဘတ်များကို ဖော်ပြလိုက်ပါတယ်။

| | | |
|---|---|---|
| – according to | - in accordance | - in regard to |
| - agreeably to | - in addition to | - in spite of |
| - along with | - in /on behalf of | - instead of |
| - away from | - in case of | - in the event of |
| - because of | - in comparison to | - on account of |
| - by dint of | - in compliance with | - owing to |

www.burmeseclassic.com

www.burmeseclassic.com


- by means of
- by reason of
- by virtue of
- by way of
- conformably to
- for the sake of
- in consequence of
- in course of
- in favour of
- in front of
- in lieu of
- in order to
- in place of
- in reference to
- with a view to
- with an eye to
- with reference to
- with regard to

**(3) Participical Prepositions**

**(ကြိယာနှင့် နာမဝိသေသနသဘောနှစ်မျိုးဆောင်သော ဝိဘတ်များ)**

ဤအမျိုးအစားတွင် ပါဝင်ဝိဘတ်တို့သည် (– ing) အဆုံးသတ်သောကြောင့်၊ အင်္ဂလိပ်သဒ္ဒါတွင် ကြိယာနှင့် နာမဝိသေသနသဘော နှစ်မျိုးဆောင်သော ဝိဘတ်လို့ ခေါ်လေ့ရှိကြတယ်။

ဤအမျိုးအစားအုပ်စုတွင် စကားလုံး (၉) မျိုးသာ ပါဝင်ကြပါတယ်။

- barring = မရှိခဲ့သော်
- concerning = ပတ်သက်၍
- considering = ထောက်ရှုသော်
- during = အတောအတွင်း
- notwithstanding = သော်လည်း
- pending = စောင့်ဆိုင်းရင်း
- regarding = စပ်လျဉ်း၍
- respecting = ပတ်သက်၍
- touching = ပတ်သက်၍

**(4) Special Prepositions (အထူးဝိဘတ်များ)**

အချို့သော စကားလုံးတို့သည် သူတို့၏ ပင်ကိုယ်အမျိုးအစားရှိကြသော်လည်း ဤနေရာတွင် ဝိဘတ်ကဲ့သို့ အသုံးပြုသည့်အတွက် အထူးဝိဘတ်လို့ ခေါ်ဆိုကြခြင်း ဖြစ်သည်။ ဤအမျိုးအစားတွင် စကားလုံး (၃) လုံးသာ ပါဝင်ပေသည်။

(a) - than (conj/ prep) = ..... ထက် (နှိုင်းယှဉ်မှုသဘောကို ဖော်ပြသော အထူးဝိဘတ်)

(ဥပမာ) - I connot accent less than hundred kyats for this article.
(ကျွန်တော် ဒီပစ္စည်းအတွက် တစ်ရာကျပ်ထက်လျှော့ပြီး လက်မခံနိုင်ဘူး။)

(b) - but (Conj/Prep) = ....မှတစ်ပါး (ချွင်းချက်ပြုခြင်း သဘောကို ဖော်ပြသော အထူးဝိဘတ်)



(ဥပမာ) - What can he do but die.
(သေရုံမှ တစ်ပါး၊ သူ ဘာလုပ်နိုင်မှာလဲ။)

(c) - a/an (Adj/Prep) = ....မှာ/ကို (ပတ်သက်စပ်ဆိုခြင်း သဘောကို ဖော်ပြသော အထူးဝိဘတ်)

(ဥပမာ) - The house is a building.
(ဒီအိမ်ဟာ တည်ဆောက်ဆဲမှာ ဖြစ်တယ်။)
- I meet him once a week.
(ကျွန်တော်သူ့ကို တစ်ပတ်မှာ တစ်ကြိမ် တွေ့လေ့ရှိတယ်။)

**(5) Prepositional Idioms (ဝိဘတ်ဆိုင်ရာ စကားထူးများ)**

ဤအမျိုးအစားမှာ အရင်းခံစကားလုံးတစ်လုံးတွင် (ဝိဘတ်) တစ်လုံးလုံး ပေါင်းစပ်ခြင်းဖြင့် ထူးခြားသော အဓိပ္ပာယ်သစ်တစ်ခု ထွက်ရှိလာသော စကားတွဲတစ်မျိုး ဖြစ်တယ်။ အင်္ဂလိပ်ဘာသာတွင် ဤအမျိုးအစားများမှာ အလွန် ပေါကြွယ်ဝလှပါတယ်။ ထို့ကြောင့် အောက်တွင် နမူနာအချို့ကိုသာ ဖော်ပြပေးလိုက်နိုင်ပါတယ်။

(ဥပမာ)
- break down = စက်ပျက်သည်/ကျန်းမာရေးချို့ယွင်းသည်။
- break in = လေ့ကျင့်ပေးသည်/ အတင်းခမ္ဘ ဝင်ရောက်သည်။
- break into = ရုတ်တရက် ချိုးဖောက်ဝင်ရောက်သည်/ …သို့ ပြောင်းလဲသည်။
- break off = ရပ်ဆိုင်းသည်/ ကွဲကွာခြားနားသည်/ ချိုးသည်။
- break with = (ခင်မင်ရင်းနှီးခြင်းမှ) ရပ်စဲသည်/ မခေါ်တော့ပါ။
- look at = (အသေအချာ ကွဲပြားခြားနားအောင်) ကြည့်သည်။
- look for = (တစ်စုံတစ်ရာကို တွေ့အောင်/ရအောင်) ရှာဖွေသည်။
- look into = (စေ့စေ့စပ်စပ်) စစ်ဆေးလေ့လာသည်။
- look back on = (အတိတ်က အဖြစ်အပျက်တစ်ရပ်ရပ်ကို) သတိရသည်/အမှတ်ရသည်။
- look forward to = မျှော်လင့်တောင့်တသည်/ စောင့်မျှော်သည်။

www.burmeseclassic.com

www.burmeseclassic.com



**(6) Words followed by Prepositions**

**(ဝိဘတ်များလိုက်သော စကားလုံးများ)**

အင်္ဂလိပ်ဘာသာရပ်တွင် ဝိဘတ်လိုက်သော စကားလုံးများမှာ နှစ်ထောင်ကျော် သုံးထောင်နီးပါး ရှိကြပါတယ်။ ယင်းတို့ကို သက်ဆိုင်ရာစကားလုံးနှင့် ဝိဘတ်တို့ ပုံသေတွဲထားကြသည့်အတွက် အလွတ်ကျက်မှတ်ခြင်းဖြင့်သာ အောင်မြင်နိုင်ပါလိမ့်မယ်။ ဝိဘတ်အကြွယ်ဝဆုံးကလျာ ဖြစ်တဲ့အတွက် လူသုံးများသည့် ဝိဘတ်တွဲစကားလုံးများကိုသာ ရွေးချယ်ကျက်မှတ်သင့်ပါတယ်။

ဝိဘတ်တွဲတဲ့ စကားလုံးအမျိုးအစားများမှာ (၄) မျိုး ရှိပါတယ်။

(၁) နာမ်နှင့် တွဲခြင်း၊

(၂) နာမဝိသေသနနှင့် တွဲခြင်း၊

(၃) ကြိယာနှင့် တွဲခြင်း၊

(၄) ကြိယာဝိသေသနနှင့် တွဲခြင်း၊

(ဥပမာ)

- affection for = (ချစ်ခင်ခြင်း)
- alliance with = (မိတ်ဖွဲ့ခြင်း)
- enmity with = ရန်ငြိုး၊
- abhorrent to = ရွံရှာဖွယ်ဖြစ်သော၊
- absorbed in = အာရုံတွင် စွဲဝင်နေသော၊
- busy with = အလုပ်များသော၊
- allot to = ခွဲဝေပေးသည်။
- fail in = ပျက်ကွက်သည်။
- feel for = စာနာသည်။
- addversely to = ဆန့်ကျင်ဘက်၊
- independently of = လွတ်လပ်စွာ၊
- previously to = ယခင်၊

## ၇။ Conjunction (အဆက်စကား)

အဆက်စကားဆိုတာ ဝါကျများကိုဖြစ်စေ၊ တစ်ခါတစ်ရံမှာ စကားလုံးများကိုဖြစ်စေ ဆက်ရုံမျှ ဆက်သော စကားလုံးအတန်းအစားမျိုး ဖြစ်တယ်။ (A Conjunction is a word which merely joins together sentences, and sometimes words.)

(ဥပမာ) - God made the country **and** man made the town.
(ဘုရားသခင်က နိုင်ငံတော်ကို ဖန်ဆင်းပြီး၊ လူက မြို့ကို တည်ဆောက်ခဲ့တယ်။)



- Our hoard is little, **but** our hearts are great.
(ကျွန်တော်ရဲ့ ရာမိုးထားသည့် ပစ္စည်းက နည်းပါးလှပါတယ်။ ဒါပေမယ့် ကျွန်တော်တို့နှလုံးသားများက ကြီးမြတ်ကြပါတယ်။)
- She must weep, **or** she will die.
(သူမ ချုံးပွဲချငိုလိုက်ရတယ်။ သို့မဟုတ်ပါက သေလိမ့်မယ်။)
- Two **and** two make four.
(နှစ်နဲ့ နှစ်ပေါင်းရင် လေး ဖြစ်တယ်။)

အထက်ပါ ဥပမာ ဝါကျများအတွင်းက (and, but, or) တို့သည် ဝါကျများကို သော်လည်းကောင်း၊ စကားလုံးများကို သော်လည်းကောင်း ဆက်စပ်ချိတ်ဆက်ပေးတဲ့အတွက် ယင်းတို့ကို (အဆက်စကား)လို့ ခေါ်ရတာ ဖြစ်တယ်။

အင်္ဂလိပ်ဘာသာမှာ အဆက်စကား (၂) မျိုး ရှိတယ်။

1. Co-ordinating Conjunction (ဂုဏ်ရည်တူ/ယှဉ်တွဲအဆက်စကား)
2. Subordinating Conjunction (မှီတွယ်အဆက်စကား) တို့ ဖြစ်ကြတယ်။

ကိုယ့်အဓိပ္ပာယ်နှင့် ကိုယ် ရပ်တည်ပြီး full stop ချနိုင်တဲ့ ဝါကျများကို ဂုဏ်ရည်တူ တယ်လို့ ဆိုတယ်။ အဲဒီလို ဝါကျမျိုးကို ဆက်ပေးတဲ့အခါမှာ သုံးရတဲ့ အဆက်စကား အတန်းအစားကို (ယှဉ်တွဲ အဆက်စကား)လို့ ခေါ်တယ်။ ဆိုလိုတာကတော့ ယှဉ်တွဲတယ်ဆိုတာ ယှဉ်ချင်ယှဉ်၊ မယှဉ်ရင်လည်း ဖြစ်တယ် ဆိုတဲ့သဘောမျိုး ရှိလို့ပါပဲ။

ယှဉ်တွဲအဆက်စကားမျိုးဟာ ဝါကျများကိုလည်း ဆက်နိုင်တယ်။ စကားလုံးများကိုလည်း ဆက်နိုင်တယ်။ ဒီအမျိုးအစားမှာ ပါဝင်သော အဆက်စကားများဟာ အောက်ပါတို့ ဖြစ်ကြတယ်။

- and = နှင့်/၍/၎င်းအပြင်/ထို့အပြင်
- as well as = သကဲ့သို့/ လဲဘဲ
- and .... too... = သကဲ့သို့/လဲဘဲ
- and .... also = သကဲ့သို့/လဲဘဲ
- no less than = သကဲ့သို့/လဲဘဲ
- nevertheless = သို့ရာတွင်
- therefor = ထို့ကြောင့်
- nor
- neither...nor (နှစ်ခုအနက်) တစ်ခုမှမဟုတ်
- but = သို့သော်/ ဒါပေမယ့်
- however = သို့ရာတွင်
- yet = သို့ရာတွင်
- still = သို့ရာတွင်
- both ...and = နှစ်ခုစလုံး

www.burmeseclassic.com

www.burmeseclassic.com



- not only .... but (also) = သာမဟုတ် .... လဲဘဲ
- or = သို့မဟုတ်
- so = ထို့ကြောင့်
- for = .... ကြောင့်
- either... or = (နှစ်ခုအနက်) တစ်ခုမဟုတ်တစ်ခု
- else = သို့မဟုတ်
- otherwise = သို့မဟုတ်
- whereas = ....စဉ်ကတော့
- while = .... စဉ်ကတော့

**မှတ်ချက်**

၁။ ယှဉ်တွဲအဆက်စကားတို့သည် (ကြိယာ)နှစ်ခုကိုသော်လည်းကောင်း၊ (နာမ်) နှစ်လုံးကိုသော်လည်းကောင်း၊ (နာမဝိသေသန) နှစ်ခုကို သော်လည်းကောင်း၊ (ကြိယာဝိသေသန) နှစ်ခုကိုသော်လည်းကောင်း၊ (စကားစု) နှစ်ခုကိုသော်လည်းကောင်း (ဝါကျကဏ္ဍ) နှစ်ခုကိုသော် လည်းကောင်း၊ (ဝါကျ) နှစ်ကြောင်းကိုသော်လည်းကောင်း ဆက် ပေးနိုင်ပေသည်။

၂။ ဤအမျိုးအစားတွင် ပါဝင်သော (as well as, not only ..but also, and....too, and ....also, no less than) ဟူသော အဆက်စကား တို့သည် ပုဒ်/စကားလုံးကိုသာ ဆက်လို့ရပေသည်။ ဝါကျများကို ဆက်လေ့ မရှိပါ။ (and) ကိုမူ စကားလုံးနှင့် ဝါကျ ကြိုက်ရာကို ချိတ်ဆက်နိုင်သည်။

၃။ ဤအဆက်စကား အမျိုးအစားဖြင့် ဆက်၍ရရှိလာသော ဝါကျရှည် သစ် တစ်ကြောင်းကို Compound Sentence (ပေါင်းစပ်ဝါကျ) လို့ ခေါ်လေ့ရှိသည်။

(ဥပမာ)

- Mg Mg was industrions so he passed his examination.
  (မောင်မောင်ဟာ လုံ့လဝီရိယ ရှိခဲ့တယ်၊ ဒါကြောင့် သူ စာမေးပွဲ အောင်သွားတယ်။)
- Hla Hla is not beautiful **but** she is clever.
  (လှလှသည် မလှပါ၊ သို့ရာတွင် သူမ လိမ္မာတယ်။)
- Mya Mya passed the examination for she tried hard.
  (မြမြဟာ အပြင်းအထန် ကြိုးစားသောကြောင့် စာမေးပွဲ အောင် သွားတယ်။)



- He saw a cat **as well as** a dog.
  (သူသည် ခွေးကိုမြင်သကဲ့သို့၊ ကြောင်ကိုလည်းပဲ မြင်တယ်။
- He saw <u>not only</u> a cat <u>but also</u> a dog.
  ( သူသည် ကြောင်ကိုသာ မဟုတ်၊ ခွေးကိုလည်းပဲ မြင်ခဲ့တယ်။

ဒုတိယအဆက်စကားမျိုးကိုတော့ Subordinating Conjunction ( မှီတွယ် အဆက်စကား) လို့ ခေါ်တယ်။ ဒီအဆက်စကားမျိုး ဦးဆောင် ဖွဲ့စပ်ထားတဲ့ ဝါကျအပိုင်းဟာ အဓိပ္ပာယ် မပြည့်စုံသေးဘူး။ ဒါကြောင့် အဓိပ္ပာယ်ပြည့်စုံအောင် အခြားဝါကျကဏ္ဍဖြစ်တဲ့ (Main clause) ခေါ် (အဓိကဝါကျကဏ္ဍ) တစ်ကြောင်း ကြောင်း သွားရောက်မှီခိုရပါလိမ့်မယ်။ သို့မှသာ အဓိပ္ပာယ်ပြည့်စုံစေကဲ့အဆင့်ကို ရောက်အောင်လို့ ဆက်စပ်ထားတဲ့ အဆက်စကားမျိုးကို (မှီတွယ်အဆက်စကား) လို့ခေါ်တယ်။

(ဥပမာ) - as I was ill (ကျွန်တော်နေမကောင်းသောကြောင့်)

အထက်ပါ ဝါကျကဏ္ဍဟာ (as = သောကြောင့်) ဆိုတဲ့ အဆက်စကား ပေါင်းစပ်ထားတဲ့အတွက် အဓိပ္ပာယ်မပြည့်စုံ ဖြစ်နေတယ်။ ဒါကြောင့် သင့်တော် မယ့် အဓိကဝါကျတစ်ကြောင်းနှင့် သွားရောက်ပေါင်းစပ် မှီတွယ်ရလိမ့်မယ်။ ဒီတော့ -

I did not go to school (ကျွန်တော်ကျောင်းမသွားခဲ့ပါ။) ဆိုတဲ့ အဓိက ဝါကျကဏ္ဍကို မှီတွယ်လိုက်မယ်ဆိုရင်-

I did not go to school as I was ill (ကျွန်တော်နေမကောင်းသောကြောင့် ကျောင်းမသွားခဲ့ပါ။) ဟူ၍ အဓိပ္ပာယ်ပြည့်စုံသွားစေတယ်။ ဒီလို မှီတွယ်အဆက် စကားကြောင့် ဖြစ်လာတဲ့ ဝါကျရှည်သစ်တစ်ကြောင်းကို အင်္ဂလိပ်စာပေ နယ် ပယ်မှာ Complex Sentence (ရောထွေးဝါကျ)လို့ ခေါ်လေ့ရှိတယ်။

အင်္ဂလိပ်စာပေရှိ အသုံးအများဆုံး မှီတွယ်အဆက်စကားများမှာ အောက်ပါတို့ ဖြစ်ကြတယ်။

- as = သောကြောင့်/သကဲ့သို့/အတိုင်း
- since = သောကြောင့်/ကတည်းက
- because = .... ကြောင့်
- though = သော်လည်း
- although = သော်လည်း
- till = တိုင်အောင်/ အထိ
- until = တိုင်အောင်/ အထိ

www.burmeseclassic.com

www.burmeseclassic.com



- before = မ.... ခင်/မ..... မီ
- after = ..... ပြီးနောက်
- while = ... စဉ် ... ကတော့
- as if ...were = ..... သကဲ့သို့
- as though = ..... သကဲ့သို့
- that = ဟု/လို့/မှာ/ဆိုတာ
- than = ..... ထက်
- that .....may = .... နိုင်အောင်
- that ....might = ..... နိုင်အောင်
- so ..... (Adj).... that =.... လောက်အောင်
- so ......(Adv) .....that = ....လောက်အောင်
- so that = စေရန်/သို့မှသာ
- whether ....or not = ...... သလား/ မဟုတ်..... လား
- as much as = ..... သလောက်
- as (quickly) as (he) can = အစွမ်းကုန် မြန်စွာ
- as (quickly) as possible = မြန်နိုင်သမျှ မြန်စွာ
- lest ... should = .. မ ... စေရန်
- if = အကယ်၍ .... လျှင်
- provided that = အကယ်၍လျှင်
- on condition that = အကယ်၍ ..... လျှင်
- unless = အကယ်၍မ ..... လျှင်
- except = အကယ်၍မ .....လျှင်
- however (<u>beautiful</u>) = ဘယ်လောက်လှလှ
  Adj
- as far as = ..... သလောက်တော့
- even if = ..... နေတာတောင်မှ
- in as much as = .... သောကြောင့်/ သည်ဖြစ်ရကား
- in order that = ..... အလို့ငှာ/စိမ့်သောငှာ
- thought ....yet = ..... သော်လည်း
- whence = ဘယ်က
- where = ဘယ်မှာ



- how = ဘယ်လို
- why = ဘာကြောင့်
- when = သောအခါ
- whither = ..... တည့်ရာ
- as soon as = ..... လျှင် ..... ခြင်း
- so long as = ..... သမျှကာလပတ်လုံး
- so far as = ..... သလောက်တော့
- just as = ..... သောအခါ

## ၈။ Interjection (အာမေဋိတ်/ အံ့သြမှုပြစကား)

စိတ်၌ ရုတ်တရက်ဖြစ်ပေါ်ခံစားချက်တို့ကို ထုတ်ဖော်မြည်တမ်းပြောဆိုသော အသံ၊ စကားလုံးနှင့်/ဝါကျတို့ကို အာမေဋိတ် (သို့မဟုတ်) အံ့သြမှုပြစကားလို့ ခေါ်တယ်။

ဤကဏ္ဍမှာရှိတဲ့၊ အကြုံးဝင်တဲ့ စကားလုံး၊ စကားတွဲ၊ ဝါကျတို့ဟာ Spoken English ခေါ် (အပြောအင်္ဂလိပ်ဘာသာ) မှာသာ အသုံးပြုရလေ့ရှိပါတယ်။ စကားပြောမှာ ထိတ်လန့်၊ အံ့သြ၊ ဝမ်းသာ၊ ဝမ်းနည်းကြောင်း ဖော်ပြကြရာ၌ ရုတ်တရက် ဖော်ပြပြောဆိုလေ့ရှိကြတယ်။

(ဥပမာ) - <u>Hello</u>! What are you doing there ?
(ဟေ့၊ အဲ့ဒီမှာ မင်း ဘာလုပ်နေတာလဲ။)
- <u>Alas</u>! He is dead. (အလိုလေး၊ သူ ဆုံးပြီ)
- <u>Hurrah</u>! We have won the game . (ဟေး၊ ငါတို့နိုင်သွားပြီ)
- <u>Ah</u>! Have they gone ? (အား၊ သူ တို့သွားပြီလား)
- <u>Oh</u>! I got such a fright. (အိုး၊ အဲ့ဒီလိုမျိုးဆို ငါကြောက်တယ်)
- <u>Hush</u>! Don't make a noise. (တိတ်၊ မဆူနဲ့.)

- Hurah!, Huzza! = ဝမ်းသာခြင်းသဘောကိုပြသည်။
- Alas! = ဝမ်းနည်းခြင်းသဘောကို ပြသည်။
- Ha!, what! = အံ့အားသင့်ခြင်းသဘောကို ပြသည်။
- Bravo ! = ကျေနပ်နှစ်သက် သဘောကျခြင်းသဘောကို ပြသည်။
- Ah! = စိတ်ထိခိုက်ခြင်း၊ နာကျင်ခြင်းသဘောကို ပြသည်။
- Oh! = အံ့အားသင့်ခြင်း သဘောကို ပြသည်။
- Hush! = အသံတိတ်ဖို့ သတိပေးခြင်းသဘောကို ပြသည်။
- Ah me! = ဖြစ်မှဖြစ်ရလေ။

www.burmeseclassic.com

www.burmeseclassic.com


- For shame = ရှက်စရာကြီး
- Well done! = ကောင်းလေစွ/ သာဓု
- God ! = ဘုရား၊ ဘုရား။
- Fie fie ! = ရှက်စရာကြီး။
- what a pity ! = သနားစရာပဲ။
- what a surprise! = အံ့သြစရာပဲ။
- Oh Lord!, By God!, God Heaven!, By Jove! = ဘုရားရေ။
- Hark ! = နားထောင်စမ်း။
- Lo!, look! = ကြည့်စမ်း။
- Tut Tut! = တွေ့ကရာ ပေါက်ကရ ပြောမနေစမ်းနဲ့။
- sh....! = တိုးတိုး။
- What a bother! = စိတ်ရှုပ်စရာပဲ။
- Look out!, Take care! = သတိထား။
- What the hell! = ဆဲသောစကား/ ခပ်ကြမ်းကြမ်းပြောသောစကား။
- God to hell! = ဒေါသအလျောက် ပစ်ပယ်သောစကား။
- To be sure! = တကယ့်ကို ပြောတာ။
- Hold on!, wait a minute! = (တယ်လီဖုန်း) ခဏကိုင်ထားပါ။

အံ့သြမှုပြစကားနှင့် ပတ်သက်၍ အင်္ဂလိပ်စကားပြောနယ်ပယ်မှာ အလွန်ကြွယ်ဝစွာ ရှိနိုင်ပေသည်။ အထက်ပါ ဥပမာစကားတို့သည် စာရေးသူ၏ စိတ်ကူးထဲမှာ ရုတ်တရက်ပေါ်လာသလောက်သာ တင်ပြလိုက်ရခြင်းဖြစ်ပါတယ်။ တကယ်တော့ ဤကဲ့သို့သော စကားမျိုးကို အသုံးပြုသူဘက်ကလည်း တီထွင်ပြောဆိုနိုင်ပေသည်။ သဒ္ဒါနည်းလမ်း၊ စာစည်းကမ်း ကိုက်ချင်မှ ကိုက်မည်။ မကိုက်လဲ ရင်တွင်းခံစားချက် ရုတ်တရက်ပေါ်ထွက်လာရသည့် စကားမျိုးဖြစ်သောကြောင့် ပုံစံအမျိုးမျိုးရှိနိုင်ကြောင်း သိသာရုံတင်ပြလိုက်ရခြင်း ဖြစ်ပါတယ်။

## နိဂုံးချုပ်အမှာစကား

အထက်ပါ စာရေးသူ တင်ပြခဲ့တဲ့ အင်္ဂလိပ်စာပေရှိ စကားလုံးတို့၏ အမျိုးအစားကို တူရာအစုဖွဲ့ပြီး ရှင်းလင်းထားသော အချက်များသည် လုံးဝပြီးပြည့်စုံခြင်း မရှိသေးကြောင်း ဂရုပြုသင့်ပါတယ်။ သို့သော် အခြေခံသဘောတရားများ အသုံးချပုံများမှာမူ အင်္ဂလိပ်စာပေနယ်၌ အခြေခံကျသော အချက်များ၊ အသုံးချပုံများမှာမူ အင်္ဂလိပ်စာပေနယ်၌ အခြေခံကျသောအချက်များ ဖြစ်သောကြောင့် ဂရုစိုက်သင့်လှပါတယ်။

မြန်မာပြည်ရှိ စာသင်သားအများစုဟာ အင်္ဂလိပ်စာသင်ရာမှာ တွေ့ရှိလာတဲ့ အင်္ဂလိပ်စကားလုံးတိုင်းကို (စာလုံးပေါင်း)နှင့် (အဓိပ္ပာယ်)သိရုံသာကျင့်ကြံလာကြတဲ့ အလေ့အထတွေ များနေပါတယ်။ အဲ့ဒီလောက်နဲ့ဆို အင်္ဂလိပ်စာတတ်ဖို့ မလွယ်သေးပါ။

အမှန်က ဘယ်ပညာမဆို တိကျသေချာခိုင်မာတဲ့ ချဉ်းကပ်နည်းဆိုတာ ရှိစမြဲပဲ ။ မိမိတွေ့ရတဲ့ အင်္ဂလိပ်စကားလုံးကို ဘယ်အမျိုးအစားအုပ်စုကလဲလို့ တိတိကျကျသိဖို့ လိုပါတယ်။ အဲ့ဒီလိုသိပြီးရင် ထိုအုပ်စုရှိ စကားလုံးတို့ကို ဘယ်လို သုံးစွဲရတယ်ဆိုတာပါ ဆက်သိရပါလိမ့်မယ်။ ဒါမှ အသုံးကျအဆင့်ကို ရောက်မှာပါ။

ဆိုလိုတာက အင်္ဂလိပ်စကားလုံးတွေကို လေ့လာကျက်မှတ်ရာမှာ –

(၁) ထိုစကားလုံးဟာ ဘယ်အမျိုးအစား အုပ်စုဝင်လဲလို့ ဦးစွာသိအောင်လုပ်ပါ။ (ဥပမာ– နာမ်လား၊ ကြိယာလား၊ နာမဝိသေသနလား စသဖြင့် သိအောင်ပြုပါ။)

(၂) ထိုစကားလုံးရဲ့ အမျိုးအစားကိုသိပြီးရင် ၎င်းနဲ့သက်ဆိုင်တဲ့ အမျိုးအစားကွဲတွေကို သိအောင် ဆက်လုပ်ပါ။ (ဥပမာ– နာမ်ဆိုရင်၊

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုနာမ်မျိုးလဲ၊ ရေတွက်ရ နာမ်လား၊ ရေတွက်မရ နာမ်လား စသဖြင့် ကွဲအောင်ပြုလုပ်ပါ။

(၃) နောက်ဆုံးအနေနဲ့ စကားလုံးတစ်လုံးရဲ့ အမျိုးအစားနဲ့ အမျိုးအစားကွဲတွေ သိပြီးရင် ဝါကျတွေထဲမှာ ဘယ်လိုသုံးရတယ်ဆိုတာကို သိအောင် ဆက်လုပ်ပါ။ (ဥပမာ- နာမ်အမျိုးအစားဆိုရင်၊ ဝါကျထဲမှာ (ကတ္တား)လို သုံးနိုင်တယ်။ (ကံ)လို သုံးနိုင်တယ်၊ (ဝိဘတ်) တစ်လုံးလုံးရဲ့ နောက်ကထားပြီး (ဝိဘတ်ကံ) အဖြစ် သုံးနိုင်တယ်။ ရေတွက်ရနာမ် အမျိုးအစားဖြစ်ရင် ထိုနာမ်ရှေ့က ကိန်းဂဏန်းတွေ ထည့်သုံးနိုင်တယ်။ ထိုနာမ်ကို (s) ပါသော အများနမ်ပုံစံ ပြောင်းနိုင်တယ်။ ရေတွက်မရနာမ်ဆိုရင် ထိုနာမ်ရှေ့က (the) မှတစ်ပါး၊ ကိန်းဂဏန်းတွေ ထည့်မသုံးရပါ။ အများပုံစံ (s) မပါရပါ။

အင်္ဂလိပ်စကားလုံးတစ်လုံးကို တွေ့တိုင်း အထက်ပါအချက်(၃)ချက်ဖြင့် ပြည့်စုံအောင် လေ့လာကျက်မှတ်ပါက Active Vocabulary ခေါ် (မိမိပိုင်နိုင်ကျွမ်းကျင်စွာ သိသောဝေါဟာရ) တွေ တိုးပွားလာမှာဖြစ်ပြီး အင်္ဂလိပ်ဘာသာကို အမှန်တကယ် တတ်ကျွမ်းနားလည်သွားမှာဖြစ်တယ်။ တကယ့်ကို တတ်သိကျွမ်းကျင်စေလိုတဲ့ ဆန္ဒမျိုးဖြင့် ရှည်ဝေးစွာတင်ပြနေရခြင်း ဖြစ်တယ်။

ထို့ကြောင့် စာရေးသူ ဤစာအုပ်ကို အပင်ပန်းခံပြုစုလိုက်ရခြင်း ဖြစ်တယ်။ အင်္ဂလိပ်ဘာသာမှာ ပါဝင်တဲ့ စကားလုံးပေါင်း (၁) သန်းကျော်ရှိတယ်လို့ ဆိုတယ်။ ဒါပေမယ့် တကယ်တတ်ဖို့၊ တကယ်တတ်သိ နားလည်ရမယ့်စကားလုံး အရေအတွက်ကတော့ (၅၀၀၀) ကျော်လောက်ပဲ ရှိပါတယ်။

အဲ့ဒီစကားလုံးငါးထောင်ကျော်ကို စနစ်တကျ စိစစ်ရွေးချယ်ပြီး ဤစာအုပ်ကို ပြုစုထုတ်ဝေလိုက်ရခြင်းဖြစ်တယ်။ တစ်ဖက်စာမျက်နှာမှစပြီး ထိုစကားလုံးတို့ကို အက္ခရာစဉ်အလိုက်ဖော်ပြပြီး ယနေ့ခေတ်သုံး အဓိပ္ပာယ်တို့ကိုပါ တွဲဖက်ဖော်ပြလိုက်ပါတယ်။ သို့သော် အဓိကအားဖြင့်တော့ စာရင်းဝင်စကားလုံးကိုသာ အဓိကထားစေချင်ပါတယ်။ အဓိပ္ပာယ်များကိုတော့ ယခုဖော်ပြသလောက်နှင့် မကျေနပ်စေလိုပါ။ ပြည့်စုံကောင်းမွန်သော အဘိဓာန်များကို ဆက်လက်အသုံးချပြီး အထက်က ဖော်ပြခဲ့တဲ့ စကားလုံးတစ်လုံးကို လေ့လာနည်း အချက်ကြီး (၃)ချက်ကို အခြေတည်ပြီး ဆက်လက်လေ့လာ အားထုတ်ကျင့်ကြံဖို့ နောက်ဆုံးအကြံပြု ဖော်ပြလိုက်ပါတယ်။

# A

a (Adj) တစ်ခုဖြစ်သော/ တစ်စုံတစ်ရာသော/ တစ်ခုလျှင်။

abandon (v) စွန့်ခွာသည်။ ပယ်ခွာသည်။

abbreviate (v) အတိုချုံးသည်။

abbreviation (n) ချုံ့ခြင်း။

abdomen (n) ဝမ်းဗိုက်။ ဝမ်း။

abide by (v) လိုက်နာသည်။

ability (n) စွမ်းရည်၊ အရည်အချင်း၊ စွမ်းပကား။

able (Ad ) နိုင်သော၊ ပိုင်နိုင်သော၊ ကျွမ်းကျင်သော၊ တော်သော၊ တတ်နိုင်သော။

abnormal (Adj) ပုံမှန်မဟုတ်သော၊ မှုမမှန်သော။

aboard (adj) (ယာဉ်) ပေါ်သို့၊ ပေါ်၌၊ ပေါ်တွင်။

abode (n) နေအိမ်၊ အိမ်၊ ဘုံဗိမာန်။

abolish (v) ဖျက်သိမ်းသည်။ ရုပ်သိမ်းသည်။

abominable (adj) စက်ဆုပ်ဖွယ်ကောင်းသော၊ မသတီစရာကောင်းသော။

about (adv/prep) ခန့်၊ လောက်၊ သလောက်။ (နှင့် ပတ်သက်၍၊ နှင့် စပ်လျဉ်း၍)

above (prep/ adv) အထက်တွင်၊ အပေါ်တွင်၊ အပေါ်မှာ၊ အထက်သို့။

abreast (adv) ရင်ပေါင်တန်း။

abridge (v) အကျဉ်းချုံးသည်၊ အကျဉ်းချုပ်သည်။

abroad (adv) နိုင်ငံရပ်ခြား၊ ပြည်ပ (သို့၊ တွင်၊ မှ)

abrupt (adj) ရုတ်ခနဲ၊ ရုတ်ခြည်း၊ ရုတ်တရက် (ဖြစ်သော)။

absent (adj) မရှိသော၊ အဝေးရောက်၊ ပျက်ကွက်သော။

www.burmeseclassic.com

www.burmeseclassic.com



absolute (adj) အပြည့်အဝ၊ အကြွင်းမဲ့၊ ပကတိဖြစ်သော။
absolve (v) လွတ်ငြိမ်းခွင့်ပြုသည်။
absorb (v) စုတ်ယူသည်၊ ခံစားစေသည်။
abstract (adj) စိတ်ကူးသက်သက်ဖြစ်သော။
absurd (adj) ဖြစ်နိုင်ခြေမရှိသော၊ အဓိပ္ပာယ်မရှိသော။
abundance (n) အလျှံပယ်ရှိခြင်း။
abuse (v) အလွဲသုံးစားပြုသည်။
academic (adj) ပညာသင် (နှစ်)။
academy (n) အထူးပညာရပ်သင်ကျောင်း၊ တက္ကသိုလ်။
accent (n) ဖိရွတ်သံ။ ဖိသံ
accept (v) လက်ခံသည်။ ယူသည်။ အသိအမှတ်ပြုသည်။
access (n) ဝင်လမ်း။ လမ်း။ အခွင့်အလမ်း။
accessory (n) အသုံးအဆောင် တွဲဖက်ပစ္စည်း။
accident (n) မတော်တဆထိခိုက် (ဒဏ်ရာရ) မှု။
accommodate (v) ဆံ့သည်။ ဝင်သည်။
accompany (v) လိုက်ပါသည်။
accomplish (v) ပြီးမြောက်သည်။ ဖြစ်မြောက်သည်။
accord (v) ညီညွတ်သည်။ ကိုက်သည်။
account (v) ယူဆသည်။ သဘောထားသည်။
accumulate (v) စုဆောင်းမိသည်။
accurate (adj) မှန်ကန်တိကျသော။ အမှားကင်းသော။
accuse (v) စွပ်စွဲသည်။
accustom (v) နေသားကျသည်။ ကျင့်သားရသည်။
ache (v) (အကိုက်အခဲ) တစစ်စစ်ကိုက်သည်။
achieve (v) ရယူသည်။ ရရှိသည်၊
acid (n) အက်စစ်။
acknowldge ( v) ဝန်ခံသည်။ လက်ခံသည်။
acorn (v) ဝက်သစ်ချသီး။
acquaint (v) အသိပေးသည်။
acquire (v) ဆည်းပူးသည်။ ကျင့်ယူသည်။
acre (n) ဧက။



across (prep/adv) တစ်ဖက်မှတစ်ဖက်သို့။ လှမ်း၍။ ကူး၍
act (n) လုပ်ရပ်။ ဖျော်ဖြေတင်ဆက်မှု။ ဟန်ဆောင်မှု။
action (n) တက်တက်ကြွကြွလှုပ်ရှားမှု။ အလုပ်။
active (adj) နိုးကြ၊ ထကြ(သော)။ ဖျက်လတ်(သော)
actor (n) သရုပ်ဆောင်။ ဇာတ်ဆောင်မင်းသား။
actural (adj) တကယ့်။ အမှန်တကယ်။
acute (adj) အထူးတလည်(ဖြစ်သော)။ ဖျတ်လတ် (သော)
actor (n) သရုပ်ဆောင်။ ဇာတ်ဆောင်မင်းသား။
actual (adj) တကယ့်။ အမှန်တကယ်။
acute (adj) အထူးတလည်(ဖြစ်သော)။ ကြီးမားသော။
adapt (v) လိုက်ဖတ်အောင်ပြင်ဆင်သည်။
add (v) ထည့်သည်။ ရောသည်။ တိုးသည်။ ဖြည့်သည်။
address (n) လိပ်စာ။
adequate (adj) လုံလောက်သော။ ပြည့်မီသော။ ပြည့်စုံသော။
adhere (v) လိုက်နာသည်။ စောင့်ထိန်းသည်။ လိုက်သည်။
adjacent (adj) ကပ်လျက်။ ဆေးချင်းကပ်။
adjective (n) နာမဝိသေသနေ။
adjoin (v) ယှဉ်လျက်၊ အနီးဆုံး၊ ကပ်လျက်တည်ရှိသည်။
adjourn (v) ရွှေ့ဆိုင်းသည်။
adjust (v) အလိုက်သင့်ပြုမူနေထိုင်သည်။
administer (v) စီမံသည်။ ခန့်ခွဲသည်။ အုပ်ချုပ်သည်။
administration (n) စီမံခန့်ခွဲခြင်း၊ အုပ်ချုပ်ရေး။ အုပ်ချုပ်မှု။
admiral (n) ရေတပ်ဗိုလ်ချုပ်ကြီး။
admire (v) လေးစားသည်။ သဘောကျသည်။
admire (v) ဝန်ခံချက်၊ ဝန်ခံခြင်း။
admit (v) ဝန်ခံသည်။
admonish (v) သတိပေးသည်။ ဆိုဆုံးမသည်။
ado (n) မဆိုင်းမတွဘဲ ။ ချက်ချင်းလက်ငင်း။ ကောက်ကာငင်ကာ။
adolesence (n) ကြီးကောင်ဝင်ချိန်။ ပျိုဖော်ဝင်ချိန် ၊ အပျိုသင်စအရွယ်။
adopt (v) မွေးစားသည်။
adore (v) မြတ်နိုးသည်။

www.burmeseclassic.com

www.burmeseclassic.com

adore (v) ဆင်မြန်းသည်။ ဆင်ယင်သည်။ တန်ဆာဆင်သည်။
adult (n ) အရွယ်ရောက်သည်။ လူလားမြောက်သော။
advance (v) ရှေ့တိုးသည်။တက်သည်။ ချီတက်သည်။
advantage (n) အရေးသာမှု။ တစ်ပန်းသာမှု။ အသာစီး။
adverse (adj) ကောင်းကျိုးမပြုသော။ ဆိုးကျိုးပေးသော။
advertise (v) ကြေငြာသည်။ အသိပေးသည်။
advertisement (n) ကြော်ငြာ။
advice (n) အကြံဉာဏ်။
advise (v) အကြံပေးသည်။ အကြံပြုသည်။
advocate (v) ထောက်ခံသည်။ ရှေ့နေလိုက်သည်။
affair (n) အရေး။ ကိစ္စ။ အလုပ်။
affection (n) ချစ်ခင်မှု။ ခင်တွယ်မှု။ ချစ်ခြင်းမေတ္တာ။
affirm (v) အခိုင်အမာပြောဆိုသည်။ အခိုင်အမာရပ်တည်သည်။
afflict (v) ဖိစီးသည်။ နှိပ်စက်သည်။
afford (v) တတ်နိုင်သည်။ အကုန်အကျခံနိုင်သည်။ ပေးနိုင်သည်။
afraid (adj) ကြောက်သည်။
after (prep/adv) ပြီးလျှင်/ ထို့နောက်တွင်။ အပြီး။ ပြီး။ နောက်။
aftermath (n ) နောက်ဆွယ်။ နောက်ဆက်တွဲ။
afterwords (n) နောက်မှ။
again (adj) ထပ်။ ပြန်။ နောက်ထပ်။ နောက်တစ်ကြိမ်။
against (prep) ဆန့်ကျင်လျက်။ ဆန်လျက်။ ရင်ဆိုင်လျက်။
age (n) အသက်။
agency (n) ကိုယ်စားလှယ်လုပ်ငန်း။
agent (n) ကိုယ်စားလှယ်။
aggregate (v) စုပေါင်းသည်။ ပေါင်းရုံးသည်။
aggressive (adj) ရန်မူ(သော)။ ကြမ်းကြုတ်(သော)။
agile (adj) ပေါ့ပါးဖျတ်လတ်သော။ သွက်လတ်ချက်ချာသော။
agitate (v) စိတ်အနှောက်အယှက်ပေးသည်။ စိတ်တုန်လှုပ်စေသည်။
ago (adv) အချိန်တွင်၊ က၊ အခါက။
agony (n) မချိမဆံ့ဝေဒနာ။ မချိတင်ကဲဝေဒနာ။
agree (v) သဘောတူသည်။ ခွင့်ပြုသည်။



agriculture (n) စိုက်ပျိုးရေး။ စိုက်ပျိုးမွေးမြူရေး။
ahead (adv) ရှေ့တည့်တည့်။ ရှေ့သို့။ ရှေ့တွင်။
aid (n) အကူအညီ။
ail (n) ဝေဒနာခံစားနေရသည်။
aim (n) ရည်မှန်းသည်။ ရွယ်သည်။
air (n) လေ။ လေထု။
airplane (n) လေယာဉ်။
airport (n) လေဆိပ်။
aisle (n) မင်းလမ်း။ ခုံတန်းနှစ်ခုအလယ်က ကြားလမ်း
alarm (n) အထိတ်တလန့်ဖြစ်ခြင်း။ ထိတ်လန့်တုန်လှုပ်ခြင်း။
album (n) အယ်ဘမ်။ ဓာတ်ပုံ။ တံဆိပ်ခေါင်း စသည်စုစည်းထားသော မှတ်တမ်း။
alcohol (n) အရက်။
ale (n) ဗျစ်တစ်မျိုး။ ဧလ်။
alert (adj) နိုးကြားသော။ သတိရှိသော။
alien (n) နိုင်ငံခြားသော။ တိုင်းတစ်ပါးသား။
all (adj) အားလုံး။ တိုင်း။ ဟူသရွေ့။ အကုန်အစင်။
allay (v) လျော့ကျသွားသည်။ သက်သာစေသည်။
allge (v) အဆိုရှိသည်။
allegiance (n) သစ္စာစောင့်သိခြင်း။ သစ္စာခံခြင်း။
alley (n) မြို့တွင်းလမ်းကျဉ်း။ နောက်ဖေးလမ်း။
alliance (n) မဟာမိတ်ပြုခြင်း၊ ပူးပေါင်းခြင်း။
allot (v) ခွဲဝေပေးခြင်း။ ဝေခြမ်းပေးသည်။
allow (v) ခွင့်ပြုသည်။
alloy (n) သတ္တုစပ်။ လေဟာ။
allude (v) ဖော်ပြသည်။ ရည်ညွှန်းသည်။
allure (n) ညှို့ဓာတ်။ ဆွဲဆောင်မှု။
ally (n) မဟာမိတ်ဖွဲ့သည်။ ပေါင်းသည်။
almost (adv) လုနီးပါး။
alone (adj) တစ်ကိုယ်တည်း။ တစ်ယောက်တည်း။
along (prep/ adv) တစ်လျှောက်။ အတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

aloof (adj) တသီးတခြား။ ကင်းကင်းရှင်းရှင်း။
alphabet (n) အက္ခရာ။
already (adv) မတိုင်မီက။
also (adv) ထို့အပြင်။ လည်းပဲ။ လည်း။
altar (n) ယဇ်ပူဇော်ရန်စင်။ ယဇ်ပလ္လင်။
alter (v) ပြင်သည်။ ပြောင်းလဲသည်။
alternate (v) တလှည့်စီ အဖန်ဖန်လုပ်သည်။ တစ်ကန့်စီ။ တစ်ကန့်စီခြား လျက် စီမံသည်။
alternative (n) အခြားတစ်မျိုးဖြစ်သော။ နောက်တစ်ခုဖြစ်သော။
although (conj) သော်ငြားလည်း။ သော်လည်း။
altitude (n) ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်။
altogether (adv) လုံးဝ။ လုံးလုံးလျားလျား။
always (adv) အမြဲ ။ အစဉ်။
am (v) ရှိသည်။ ဖြစ်သည်။
amateur (n) အပျော်တမ်းအားကစားသမား။ ဂီတသမား။
amaze (v) အလွန်အံ့အားသင့်စေသည်။
ambassador (n) သံအမတ်ကြီး။
ambition (n) မြင့်မားသော ရည်မှန်းချက်။
amend (v) အမှားပြင်သည်။ပြုပြင်သည်။
amiable (adj) ခင်မင်တတ်သော။ ဖော်ရွေသော။
amid (prep) အလယ်တွင်။ အထဲတွင်။
amiss (adv) လွဲချော်သော။ ချွတ်ယွင်းသော။
ammunition (n) ခဲယမ်းမီးကျောက်။ ကျည်။
among (prep) အလယ်တွင်။ အကြားတွင်။
amount (v) ကျသင့်သည်။
ample (adj) အလျှံပယ်ဖြစ်သော။ ပိုမိုသော။
amuse (v) ရယ်မောစေသည်။ ရွှင်မြူးစေသည်။
an (adj) (တစ်ခု၊ တစ်ကောင်၊ တစ်ယောက်၊ တစ်နေ့၊ တစ်ခုံ စသည်)
analysis (n) ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း။ ဆန်းစစ်ခြင်း။
analyze (v) သရုပ်ခွဲဆန်းစစ်သည်။
ancestor (n) ဘိုးဘေးဘီဘင်။



anchor (n) ကျောက်ဆူး။
ancient (adj) ရှေးခေတ်။
and (conj) နှင့်။ ၍။ပြီး။
anecdote (n) ကိုယ်တွေ့ဖြစ်သည်။
angel (n) (ခရစ်ယာဉ်ဘာသာ) ကောင်းကင်တမန်။
anger (n) ဒေါသ။ အမျက်။
angle (n) ထောင့်။
angry (adj) ဒေါသဖြစ်သော။
anguish (n) ပြင်းထန်သောနာကျင်မှု (သို့) ခံစားမှု။
animal (n) သက်ရှိသတ္တဝါ။
ankle (n) ခြေဆစ်။
annex (v) သိမ်းပိုက်သည်။
anniversary (n) နှစ်ပတ်လည်နေ့။ နှစ်ပတ်လည်အထိမ်းအမှတ်။
announce (v) ကြေငြာသည်။
annoy (v) စိတ်အနှောင့်အယှက်ပေးသည်။ စိတ်ငြိုငြင်အောင်လုပ်သည်။
annual (adj) နှစ်စဉ်ဖြစ်သော။ နှစ်လည်။
another (adj/pron) အခြား။ (တစ်ခု၊ တစ်ယောက်)
answer (n) အဖြေ။ ပြန်ကြားချက်။
ant (n) ပုရွက်ဆိတ်။
antagonist (n) ရန်ဘက်။ ရန်သူ ။ အတိုက်အခံ။
antelope (n) သယ်နှင့် ဆင်တူသော ဆိတ်နွားမျိုးဝင်တစ်မျိုး။
anticipate (v) ကြိုတင်မှန်းဆသည်။ တွေးဆသည်။
antique (adj) ရှေးကပြီး အများအားဖြင့် အဖိုးတန်သော။
anxiety (n) စိုးရိမ်မှု၊ ကြောင့်ကျမှု၊ ပူပန်မှု၊ သောက။
anxious (adj) စိုးရိမ်ကြောင့်ကြသော။ စိုးရိမ်ပူပန်သော။
any (adj) မည်သည့်အရာမဆို ။ တစ်စုံတရာ။ တစ်ခုခု။
any body (pron) တစ်ဦးဦး။ တစ်ယောက်ယောက်။
any how (adv) ဘယ်လိုဖြစ်ဖြစ်။ မည်သို့ပင်ဖြစ်စေကာမူ။
any one (pron) တစ်ဦးဦး။ တစ်ယောက်ယောက်။
anything (prop) မည်သည့်အရာ။ ဘာ၊
anyway (adv) မည်သည့်နည်းနှင့်မဆို၊ မည်သည့်နည်းနှင့်မဆို။

www.burmeseclassic.com

www.burmeseclassic.com



anywhere (adv) မည်သည့်နေရာတွင်မဆို။ တစ်နေရာရာ။
apart (adv) ခြားလျက်။ ခွာလျက် ဖြန့်ကားလျက်။
apartment (n) လုံးချင်းအိမ်တွင်ကန့်၍ ငှားရမ်းထားသော အခန်းတွဲ။
ape (n) လူဝံ။
apologize (v) ဝန်ချတောင်းပန်သည်။
apology (n) တောင်းပန်ခြင်း၊ တောင်းပန်ကာ။ တောင်းပန်ချက်။
appal (v) တုန်လှုပ်ချောက်ချားစေသည်။
apparatus (n) စက်ပစ္စည်း ကိရိယာတန်ဆာပလာ။
apparel (n) အဝတ်အစား။
apparent (adj) မြင်သာသော။ သိသာသော။ ပေါ်လွင်သော။
appeal (v) အသနားခံသည်။ မေတ္တာရပ်ခံသည်။
appear (v) ပေါ်ထွက်လာသည်။ မြင်ရသည်။
appease (v) ချွေးသိပ်သည်။ ကျေနပ်အောင်ပြုသည်။ လိုက်လျောသည်။
append (v) ဖြည့်စွက်(ရေးသွင်း) သည်။ ပူးတွဲပေးလိုက်သည်။
appendix (n) နောက်ဆက်တွဲ။
appetite (n) စားချင်စိတ်။ အာသာဆန္ဒ။ ချက်ခြင်း။
applaud (v) လက်ခုပ်တီး၍ သြဘာပေးသည်။ ထောက်ခံအားပေးသည်။
applause (n) လက်ခုပ်သြဘာသံ။
apple (n) ပန်းသီး။
appliance (n) ပစ္စည်းကိရိယာ။
apply (v) သုတ်လိမ်းသည်။
appoint (v) အလုပ်။ ရာထူး။ ခန့်အပ်သည်။
appointment (n) အချိန်းအချက်။
appreciate (v) ကျေးဇူးတင်ရှိသည်။
apprehend (v) ဖမ်းသည်။
apprehension (n) စိုးရိမ်မှု။ ပူပန်ခြင်း။
apprentice (n) အလုပ်သင်။
approach (v) အနားသို့လာသည်။ ချဉ်းကပ်သည်။
appropriate (adj/v) သင့်တော်သော။ သက်ဆိုင်သော။
approve (v) သဘောကျသည်။ ထောက်ခံသည်။
approximate (adj) အနီးစပ်ဆုံးဖြစ်သော။ နီးနီး။
April (n) ဧပြီလ။



apron (n) ရှေ့ဖုံးခါးစည်း။
apt (adj) ဖြစ်တန်ရာသော။
arbor (n) သစ်ပင်။ နွယ်ပင်တို့က၊ လိမ်ယှက်နေအောင် ဖန်တီး၍ထားသော နားခိုနေရာ။ ရက္ခကွန်းသာ။
arc (n) စက်ဝိုင်းပြတ်။
arch (n) ပေါင်းကူးခုံ။
architect (n) အဆောက်အအုံပုံစံထုတ်သူ။ ဗိသုကာ။
architecture (n) ဗိသုကာပညာ။
are (v) ဖြစ်သည်။ ရှိသည်။
area (n) အကျယ်အဝန်း။ ဧရိယာ။
argue (v) တစ်ယောက်တစ်ခွန်းစကားများသည်။ အငြင်းအခုံဖြစ်သည်။
arise (v) ပေါ်ထွက်လာသည်။
aristocrat (n) မင်းမျိုးစိုးနွယ်ဝင်။
arithmetic (n) ဂဏန်းသင်္ချာ။
arm (n) လက်ကောက်ဝတ်အထိ လက်မောင်းပိုင်း။
armament (n) သင်္ဘော။ တင့်ကား စသည်တွင် တပ်ဆင်ထားသောသေနတ်၊ အမြောက် စသော လက်နက်။
armistice (n) အပစ်အခတ်ရပ်စဲရန် သဘောတူညီချက်။
armor (n) (ရှေးက) ချပ်ဝတ်တန်ဆာ။ သံချပ်ကာ။ ကျည်ကာ။ ကျည်ကာ (အင်္ကျီ)၊ တင့်ကား(တပ်ဖွဲ့)စသည်။
arms (n) တပ်မတော်၊ စစ်တပ်၊ ကြည်းတပ်။
around (adv) ဘေးပတ်ပတ်လည် (သို့မဟုတ်) ဝိုင်းပတ်လျက်။
arouse (v) ဖြစ်ပေါ်စေသည်။
arrange (v) ခင်းကျင်းသည်။ စီစဉ်သည်။
array (v) ခင်းကျင်းသည်။ စုဖွဲ့သည်။
arrest (v) ဖမ်းဆီးသည်။ ထိန်းသိမ်းသည်။
arrive (v) ရောက်ရှိသည်။
arrow (n) လမ်းညွှန်မြား။
art (n) ပန်းချီ၊ ပန်းပု၊ အနုပညာ။
artery (n) သွေးလွှတ်ကြော။
article (n) အရာဝတ္ထု (သို့) ပစ္စည်း။

www.burmeseclassic.com

www.burmeseclassic.com



artificial (adj) လူတို့ဖန်တီးသော၊ သဘာဝမဟုတ်သော။
artillery (n) အမြောက်၊ အမြောက်တပ်။
as (adv) အခါ၊ စဉ်။
ascend (v) အထက်သို့တက်သည်။
ascent (n) တက်ခြင်း၊ အမော့တက်၊ တိုးတက်မှုဖြစ်စဉ်။
ash (n) ပြာ၊ စီးကရက်ပြာ။
ashamed (adj) ရှက်သော။
ask (v) မေးမြန်းသည်။
aspect (n) ရှုထောင့်
aspire (v) ကြိုးပမ်းသည်၊ လုံ့လပြုသည်။
assail (v) ညှဉ်းပမ်းနှိပ်စက်သည်။
assault (n) ရုတ်တရက်တိုက်ခိုက်သည်။
assemble (v) စုဝေးကြသည်။
assent (v) သဘောတူသည်။
assert (v) အခိုင်အမာဆိုသည်။
asset (n) အသုံးဝင်သော (သို့) အဖိုးတန်သောအရာ။ အကျိုး။
assign (v) တစ်စုံတစ်ရာ သတ်မှတ်ပေးသည်။
assist (v) ကူညီသည်။
associate (v/n) ဆက်စပ်တွေးမိသည်။
association (n) ကလပ်၊ အသင်းအဖွဲ့။
assorted (adj) ပေါင်းစုံ၊ မျိုးစုံ။
assume (v) အမှန်အဖြစ်ယူဆသည်။
